# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 23 June 2022 ၁၀၇၇၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နမ့်စန် - မိုးနဲ - မိုင်းတုံ - မိုင်းဆတ်လမ်းပေါ်၌ သံလွင်တံတား(တာဆန်း) တည်ဆောက်လျက်ရှိ

မိုင်းဆတ် ဇွန် ၂၂

**သံလွင်တံတား (တာဆန်း)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ဆက်သွယ်ထားသော နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်တွင် တည်ရှိပြီး သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်သည်။ အဆိုပါ တံတားကို တံတားအထူးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။**

သံလွင်မြစ်၏ အရှေ့ဘက်ခြမ်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်ဖြစ်ပြီး အနောက်ဘက်ခြမ်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်အတွင်း တည်ရှိသည်။ သံလွင်မြစ်ကူးတံတား (တာဆန်း) တံတားဟောင်းမှာ ၁၉၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အသုံးပြုခဲ့ရာ တံတားသက်တမ်းမှာ နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

တံတားအရှည်မှာ ပေ ၉၀၀၊ တံတားအမျိုးအစားမှာ အုတ်မြစ်အနေဖြင့် Open Foundation ဖြစ်သည်။ တံတားအပေါ်ထည်မှာ ဘေလီကြိုးတံတားနှင့် C. Channel ကြမ်းခင်း အမျိုးအစား၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေနှင့် တံတားတည်ဆောက်ပြီးစဉ်က တံတားခံနိုင်ဝန်ကို တန် ၃၀ အထိ ခွင့်ပြုခဲ့သည်။

ယခုအခါတွင် တံတားကြီးပေါ်မှ နေ့စဉ်ယာဉ်ငယ် ၃၅ စီးခန့်နှင့် ယာဉ်ကြီး ၁၅ စီးခန့် ဖြတ်သန်းသွားလာလျက်ရှိရာ တာဆန်းကြိုးတံတားအား ရေရှည်အသုံးပြုနိုင်ရန်အတွက် ခံနိုင်ဝန် ၁၆ တန်သာ ခွင့်ပြုထားသည်။


စာမျက်နှာ ၇ ကော်လံ ၄ သို့ ❍





သံလွင်တံတား(တာဆန်း) တည်ဆောက်နေမှုကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ


ငြိမ်းချမ်းရေး

ဆောင်းပါး စာမျက်နှာ » ၆

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ခရီး

ဆောင်းပါး စာမျက်နှာ » ၉

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃ ဦးတွေ့ရှိ၊ ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၇ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၂

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ် အဆင့်ရှိ စောစတီးဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

စာမျက်နှာ » ၃

အာဖဂန်နစ္စတန်နိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်ခတ်၊ လူ ၁၀၀၀ နီးပါးသေဆုံး

စာမျက်နှာ » ၁၃

ကြေးမုံ

# သဘာဝဘေးအန္တရာယ်ကို သတိပြု

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်ဟု မိုးလေဝသနှင့်ဇလဗေဒမှ အသိပေးထားသည်။ ထို့အပြင် နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ ယခုဇွန်လအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အေးပြီးစွတ်စိုသော လာနီညာအခြေအနေနှင့် ပူပြင်းပြီးခြောက်သွေ့သော အယ်လ်နီညိုအခြေအနေတို့ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။ တစ်နည်းဆိုလျှင် ပုံမှန်မဟုတ်သည့် ပူခြင်းနှင့်အေးခြင်း အစွန်းနှစ်ပါးထွက်သော လွန်ကဲရာသီဥတုဖြစ်စဉ်ဖြစ်သည်။ ယခုကာလတွင် လာနီညာဖြစ်စဉ် ပေါ်ပေါက်လျက်ရှိပြီး လာနီညာသည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်နေသည်ဆိုသော်လည်း အဆိုပါဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ခြမ်းလုံးရှိ ဒေသများအားလုံးသို့ သက်ရောက်မှုရှိနေပါသည်။ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုသောရာသီဥတုအခြေအနေများ ဖြစ်ပေါ်လာတတ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပုံမှန်ရာသီဥတု မိုးရာသီကာလဖြစ်သော်လည်း ပုံမှန်မိုးရွာသွန်းမှုထက် ပိုမိုလွန်ကဲလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ မုတ်သုံရာသီစောစီးစွာဝင်ရောက်ခဲ့ပြီး နိုင်ငံအနှံ့တွင် ယခုအချိန်အထိ မိုးအဆက်မပြတ်ရွာသွန်းနေသည်။ ပုံမှန်အားဖြင့် ယခုကာလသည် မိုးလယ်ကာလဖြစ်ပြီး လာမည့်လ ဝါဆို၊ ဝါခေါင်လများတွင် မိုးအားဆက်လက်ကောင်းနေမည်ဖြစ်သည်။ ၁၂ လရာသီ မိုးရာသီကာလ၌ လာနီညာဖြစ်စဉ်နှင့် ကြုံတွေ့ရသောအခါ နိုင်ငံအနှံ့တွင် မိုးအလွန်များနေသည့်အချက်ကို အားလုံးသတိပြုပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

လက်ရှိကာလတွင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ကြောင်း အသိပေးထားသည်။ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်မေလမှစတင်၍ ယနေ့အချိန်အထိ နိုင်ငံအနှံ့တွင် မိုးရွာသွန်းလျက်ရှိသည်။ ယခုလာမည့် ရက်သတ္တပတ်အတွင်း၌လည်း မြန်မာနိုင်ငံအနှံ့တွင် မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသမှ အသိပေးထားသည်။ ယခင်ကာလ မိုးအားကောင်းမှုနှင့် ယခုကာလ နိုင်ငံအနှံ့တွင် မိုးထစ်ချုန်းရွာသွန်းနိုင်သောကြောင့် မြန်မာပြည်အတွင်းရှိ မြစ်ချောင်းများတွင် မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာနိုင်ကြောင်း သတိပေးထားသည်။ မြစ်ရေအခြေအနေမှာ စိုးရိမ်ရေမှတ်သို့ မရောက်သေးသော်လည်း မူလအခြေအနေထက် ပိုမိုမြင့်တက်လာသည်။

ယခုကြုံတွေ့နေရသော မိုးထစ်ချုန်းရွာသွန်းမှုအခြေအနေ၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်သည့်အခြေအနေ၊ လာနီညာဆက်လက်ဖြစ်တည်နေသည့်အခြေအနေများကြောင့် လေပြင်းမုန်တိုင်းနှင့် ရေကြီးရေလျှံဖြစ်ပေါ်လာနိုင်မှုကို ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် လေပြင်းမုန်တိုင်းနှင့်ပတ်သက်၍ မိုးလေဝသအသိပေးချက်များကို သိရှိထားရန်လိုပြီး အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်းပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်ရန်လိုအပ်သည်။

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ နောက် ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်၍ လုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေရာယူရန်ဖြစ်သည်။ အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ် ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသောနေရာတွင် ရှိနေရန်လိုအပ်သည်။ အစိမ်းရောင်အဆင့်သည် မုန်တိုင်း အားပျော့ပျက်ပြယ်သွားပြီဖြစ်၍ မိမိတို့နေအိမ်များသို့ ပြန်လာနိုင်ကြောင်း သတ်မှတ်ထားသည်။ မုန်တိုင်းသာမက မိုးအားအလွန်ကောင်းပြီး မြစ်ချောင်းများတွင် ရေကြီးရေလျှံဖြစ်ပေါ်လာခြင်း၊ မုန်တိုင်းဒီရေတက်ခြင်းများနှင့် ကြုံတွေ့ရပါက မြစ်ချောင်းကမ်းပါးနှင့် ပင်လယ်ကမ်းရိုးတန်းများတွင် နေထိုင်ကြသောပြည်သူများသည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားကြရန်လိုအပ်သည်။ ယခုအခါ မိုးရွာသွန်းမှု အလွန်အားကောင်းပြီး နေ့စဉ်ရက်ဆက် မိုးရွာသွန်းနေသောကြောင့် တောင်ကုန်းတောင်စောင်း၊ တောင်ခြေတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို အထူးသတိထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုအခါ လာနီညာအခြေအနေသည် ဆက်လက်ဖြစ်ပေါ်နေပြီး အကျိုးဆက်အနေဖြင့် မိုးသည်းထန်စွာထစ်ချုန်းရွာသွန်းမှု၊ မုန်တိုင်းဖြစ်ပေါ်မှုများ ရှိလာနိုင်သဖြင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို တာဝန်ရှိသူများနှင့်အတူ ပြည်သူများပူးပေါင်းလက်တွဲ၍ ကြိုတင်ကာကွယ် ပြင်ဆင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မိုင်းရယ်၌ ပန်းခင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး



မိုင်းရယ် ဇွန် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပန်းခင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ယနေ့နံနက် ၉ နာရီက မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ပေးသည်။

အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရာတွင် မိုင်းရယ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်နှင့်အထက်ရှိ ကျောင်းသား ကျောင်းသူများ လာရောက်ပြုလုပ်ခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **မိုင်းရယ် (ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်း

နေပြည်တော် ဇွန် ၂၂

ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၌ ဇွန် ၂၁ ရက် နံနက် ၆နာရီခွဲတွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့်ကျော်လွန်ရောက်ရှိခဲ့ပြီး ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းခဲ့ပြီးဖြစ်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၅၀၀ | ၁,၄၈၀ | ၁၁,၁၀၀,၀၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၁,၀၀၃ | ၂,၆၅၇,၉၅၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၄၄ | ၃၀၃,၆၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁၅ | ၂၇၀,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၁၀၀ | ၂၅၀,၀၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၄၃.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၅.၄၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၁၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၉.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၄၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၃.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၁.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၇.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၇၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဆိုဗိမာန်မြေနေရာနှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်ကြည့်ရှုပြီး Dance Jam ရိုက်ကူးနေမှုကြည့်ရှုအားပေး





ရန်ကုန် ဇွန် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် စာဆိုဗိမာန်တည်ဆောက်မည့်မြေနေရာနှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်တို့ကိုကြည့်ရှုပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးနေသည့် Dance Jam အစီအစဉ် ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းတွင် ဆောက်လုပ်မည့် စာဆိုဗိမာန်အဆောက်အအုံ မြေနေရာကို ကြည့်ရှုပြီး စာပေပညာရှင်များ၏ အကြံပြုချက်များပါဝင်သည့် အဆောက်အအုံပုံစံ ရေးဆွဲတင်ပြနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်သို့ရောက်ရှိပြီး စာအုပ်စာစောင်များ ခင်းကျင်းရောင်းချမှုကို ကြည့်ရှုစစ်ဆေးကာ ပုံမှန်ရောင်းချနေမှုများအပြင် လူငယ်များစိတ်ဝင်စားစွာ ဝင်ထွက်ကြည့်ရှု ဝယ်ယူနိုင်စေရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ရောက်ရှိပြီး ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ပုဂ္ဂလိကရုပ်သံကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အနုပညာလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လုပ်ကိုင်လာနိုင်စေရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို- A တွင် လူငယ်များပါဝင်ရိုက်ကူး ဆောင်ရွက်နေသည့် Dance Jam အကအစီအစဉ်ကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show အစီအစဉ်များဖြင့်လည်းကောင်း၊ အပတ်စဉ် စနေနေ့ညများတွင် အငြိမ့်နှင့် (၃၈)ဖြာမင်္ဂလာ ဇာတ်သဘင်အစီအစဉ်များဖြင့် လည်းကောင်း၊ အပတ်စဉ် တနင်္ဂနွေနေ့ ညများတွင် မြန်မာရုပ်ရှင် ဇာတ်ကားများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်လျက်ရှိရာမှ အပတ်စဉ် သောကြာနေ့ညများတွင် လူငယ်များပါဝင်သည့် ဖျော်ဖြေရေးအစီအစဉ်များ ဆန်းသစ်ဆောင်ရွက်မှုအဖြစ် Music Gallery အစီအစဉ်ကို တင်ဆက်ပြသခဲ့ပြီးနောက် ယခုအခါ Dance Jam ( Dancing Show)အကအစီအစဉ်ကို တင်ဆက်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ ကိုယ်စားလှယ်အဖွဲ့နှင့် စိုက်ပျိုးမွေးမြူရေးအခြေခံသော ဒေသစီးပွားရေးဖွံ့ဖြိုးမှု ဆွေးနွေး

နေပြည်တော် ဇွန် ၂၂

စိုက်ပျိုးမွေးမြူရေးအခြေခံသော ဒေသစီးပွားရေးဖွံ့ဖြိုးမှု ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ ကျင်းပသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဈေးကွက်ဝင် ဈေးကောင်းရ တန်ဖိုးမြင့်သီးနှံများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောနည်းပညာနှင့် အကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့် လိုအပ်ချက်များ ကူညီပေးနိုင်ရေး၊ ပြောင်းဖူးစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော အခြောက်ခံစနစ်၊ သိုလှောင်ထိန်းသိမ်းနည်း၊ ကုန်ချောထုတ်လုပ်နည်းပညာများ အသုံးပြုနိုင်ရေးအပြင် စိတ်ဝင်စားသည့် ပြည်တွင်းပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေးတို့ကို ချိတ်ဆက်ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ဒေသ၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ရာသီသီးနှံနှင့် သစ်သီးဝလံများအပြင် မြေပြန့်ကော်ဖီနှင့် ကိုကိုးသီးနှံကဲ့သို့သော နှစ်ရှည်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လိုပါက မြေယာအသုံးပြုခွင့်၊ မျိုးရရှိရေးနှင့် နည်းပညာအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ကိရိယာများကို လက်ဆောင်အဖြစ်ပေးအပ်ရာ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ကူညီပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှပြန်လည်ထွက်ခွာ



နေပြည်တော် ဇွန် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **“ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ”**စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း နေပြည်တော်ရှိ Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေအသုံးစရိတ်လျာထားခြင်းဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၂**

စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေအသုံးစရိတ်လျာထားခြင်းဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းကို ယနေ့ နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများဖြစ်ကြသည့် ရုံးချုပ်မှ ညွှန်ကြားရေးမှူးများ၊ ယွန်းပညာကောလိပ်မှ ကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ အရာထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာလည်း စီမံကိန်းရေးဆွဲခြင်း အခန်းကဏ္ဍမှာ အဓိကအနေဖြင့် ပါဝင်နေပြီး စီမံကိန်းတစ်ခု ရေးဆွဲရာတွင် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များ၊ ဌာနကချမှတ်ထားသည့် စံနှုန်းများနှင့်ကိုက်ညီအောင် ရေးဆွဲရမည်ဖြစ်ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (OVOP) ပေါ်ထွက်လာစေရေး၊ ခေတ်မီစံပြကျေးရွာများ ထူထောင်ရာ၌ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရေး စသည့် အချက်များကို ဦးစီးဌာန၏မူဝါဒအဖြစ် ချမှတ်ထားသည့်အတွက် အဆိုပါမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းများ ပြင်ဆင်ရေးဆွဲရန် လိုအပ်ကြောင်း၊ ထိုသို့ရေးဆွဲရာတွင်လည်း သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဦးတည်ဆောင်ရွက်နေသည့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ Trade Volume ကြီးမားလာစေရန် ကြိုးပမ်းနေခြင်းဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုကိုလည်း Volume ကြီးကြီးဖြင့် လုပ်ကိုင်နိုင်မည့် စီမံကိန်းများ ချမှတ်ရန် လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများမှာလည်း တာဝန်ရှိသောကြောင့် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။



သင်တန်းတွင် စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာရေးအသုံးစရိတ် လျာထားရေးဆွဲခြင်း၊ ခေါင်းဆောင်များနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး ဆက်သွယ်ရေးနည်းပညာ၊ ပဋိပက္ခများ စီမံခန့်ခွဲခြင်း၊ ထိရောက်သော အစည်းအဝေးပြုလုပ်ခြင်း၊ အများနှင့်ပူးပေါင်းလုပ်ဆောင်မှုနှင့် စီမံချက်လည်ပတ်မှုဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ်တို့ကို စာတွေ့ပို့ချခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းနှင့် လက်တွေ့ရေးဆွဲခြင်းနည်းစနစ်များဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

**တက်ရောက်**



အဆိုပါ အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် ပြည်သူလူထု လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ထုတ်လုပ်ပေးနိုင်ရန် အတွက် ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိနိုင်မည့် ရေအားမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဓာတ်အား ထုတ်လုပ်မှု (Generation) ကို တိုးမြှင့်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဓာတ်အားပို့လွှတ်ခြင်း (Transmission) အပိုင်းတွင်လည်း ဝန်အားပြည့်နေသည့် ဓာတ်အားလိုင်းများကို ပိုမိုပြည့်ဝစွာ သယ်ဆောင်နိုင်ရန် တိုးချဲ့ တည်ဆောက်ခြင်း၊ ထို့အတူ ဓာတ်အားဖြန့်ဖြူးခြင်း (Distribution) အပိုင်းများကိုလည်း တိုးချဲ့ပြုပြင်တည်ဆောက်ခြင်းတို့ကို ဟန်ချက်ညီစွာ တိုးချဲ့ဆောင်ရွက်လျက် ရှိကြောင်း၊ ဓာတ်အား ပြတ်တောက်မှု လျော့နည်း ကျဆင်းစေရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အား စနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းများကိုလည်း အချိန်မီပြီးစီးရေးနှင့် ဓာတ်အားခ ကြွေးကျန်များ ရာနှုန်းပြည့် အပြည့်အဝကောက်ခံရရှိရေး လုံခြုံရေးကို ဝိုင်းဝန်းကူညီ ပံ့ပိုးပေးစေလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ရန်ကုန်မြို့ကြီး လှပသာယာပြီး လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ ရရှိရေး ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းဒေသကြီး အစိုးရအနေဖြင့် လည်း ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နှင့် တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း လိုအပ်သည့် ရန်ပုံငွေပိုင်းဆိုင်ရာများကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် လျှပ်စစ်ဓာတ်အားခများ ကောက်ခံရရှိမှုများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရန်ကုန်တိုင်းဒေသကြီး အတွင်း ဆောင်ရွက်လျက်ရှိသည့် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာနှင့် သယံဇာတရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီး တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဦးဆောင်ကော်မတီအဖွဲ့ဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဇွန် ၁၉ ရက် နံနက်ပိုင်းက လှည်းကူးမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်၊ ဇုန်(၂)အတွင်း စီမံခန့်ခွဲရေးကော်မတီရုံးအဆောက်အအုံနှင့် မျှော်စင်ပြုပြင်နေမှု၊ ရုံးအဝင် မြောင်းကူးတံတားအသစ် တည်ဆောက်ပြီးစီးမှု၊ သန့်စင်ခန်းများ ပြုပြင်နေမှု၊ ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အထူးဇုန်(၁) ဟင်းသီးဟင်းရွက် လက်ကားဈေး အဆောက်အအုံများနှင့် စိုက်ခင်းပြုလုပ်မည့် မြေနေရာများကို မြေညှိပြုပြင်နေမှုနှင့် မြေညှိပြုပြင်ရာမှ ထွက်ရှိလာသော မြက်ပင်ချုံနွယ်များနှင့် ရေမြောင်းဆယ်ယူရာမှရရှိသည့် ဇီဝဒြပ်များကို အီးအမ်အိုကာရှိသဘာဝမြေဩဇာ ပြုလုပ်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဇုန်အတွင်း စံပြစိုက်ခင်းအဖြစ် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်လမ်းမှ ညောင်နှစ်ပင်အဝင် ဆတ်သွားတောလမ်းဆုံတွင် ကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းနေမှုနှင့် လမ်းဆုံကြိုဂံကျွန်းပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် ရွှေပြည်သာမြို့နယ် အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ (Yangon Waste to Energy Plant)သို့ သွားရောက်၍ စက်ရုံလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စွန့်ပစ်အမှိုက်များ ကိုင်တွယ်လုပ်ကိုင်နေကြရသည့်ဝန်ထမ်းများ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးကောင်းမွန်စေရေး၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု ရှိအောင် လေ့ကျင့်ပေးရေးတို့ကို ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရှေးဦးမြို့ပြတည်ထောင်မှုစတင်ခဲ့သော ပျူခေတ်ကာလ သမိုင်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ် ပြုစုရေးသားလျက်ရှိရာ မြို့ပြတည်ထောင်မှုစတင်ခဲ့သော ပျူခေတ်ကာလ သမိုင်းစဉ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ တတိယနေ့ကို ယနေ့တွင် အမျိုးသားပြတိုက် (ရန်ကုန်) ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသည်။



အဆိုပါဆွေးနွေးပွဲသို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးသန်းဆွေ၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှနှင့် မြန်မာသမိုင်းအဖွဲ့ဝင်ပညာရှင်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အကြံပေးပညာရှင်များ၊ ပျူခေတ်သုတေသနတူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အရာရှိကြီးများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လေ့လာသူ ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က ပျူခေတ်နှင့်ပတ်သက်၍ နိုင်ငံတကာပညာရှင်များ၏ သုတေသနပြုတွေ့ရှိချက်များ၊ ယင်းတို့၏ အယူအဆ၊ တွေ့ရှိချက်များနှင့် သုတေသနပြုတွေ့ရှိမှုအသစ်များကိုလည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသ ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက "Pyu Ancient Cities: Buddhist Urban Culture"နှင့်စပ်လျဉ်း၍လည်းကောင်း၊ မန္တလေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပျူခေတ်ကာလအတွက် ကိုးကားလေ့ရှိသည့် တရုတ်- မန်ရှူးကျမ်းပါ အခန်းများ၏ အားသာချက် အားနည်းချက်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်က သရေခေတ္တရာမြို့ဟောင်းတူးဖော်မှုမှ တွေ့ရှိရသည့် တွေ့ရှိချက်များနှင့် ပျူတို့၏ အနုလက်ရာများ (Art History)ကို ရှင်းလင်းတင်ပြကြပြီး မြန်မာသမိုင်းအဖွဲ့ပညာရှင်များက ပျူခေတ်သမိုင်းရေးသားရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တူးဖော်တွေ့ရှိချက်များသည် များစွာခိုင်မာပြီး အထောက်အကူများစွာရရှိကြောင်း ဆွေးနွေးကြသည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမောင်မောင်ဆွေက ပျူခေတ်အက္ခရာအရေးအသားများနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့ဝင် ဦးကျော်က သမိုင်းကြောင်းရေးသားရာတွင် သမိုင်းပညာရှင်များသာမက ဌာနဆိုင်ရာများမှ ကျွမ်းကျင်ပညာရှင်များကို အားကိုးအားထားပြုရသည်များကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပျူခေတ် "ရေစီမံခန့်ခွဲမှုနှင့် အသုံးချပုံစနစ်" အကြောင်းကိုလည်းကောင်း၊ ပြင်ပလေ့လာသူ ဈာန်သစ်အောင်(ဦးကျော်စွာနိုင်)က သရေခေတ္တရာ အမည်နှင့်ပတ်သက်၍ တံဆိပ်တုံးတစ်ခု၏ တံဆိပ်စာကိုလည်းကောင်း၊ ဦးဘုန်းတင့်ကျော်က မြန်မာ့သမိုင်းကို အသစ်ပြန်ရေးရမည်ဟု ဝါရင့်သမိုင်းပညာရှင်များက မှတ်ချက်ပြုထားချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ယခင်ပြည်ပပညာရှင်များရေးသားခဲ့သော ပျူနှင့်ပတ်သက်၍ မှားယွင်းချက်များ၊ မန်ရှူးကျမ်း၏ အားနည်းချက်များကို လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက်ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က ရှေးဦးမြို့ပြတည်ထောင်မှုစတင်ခဲ့သည့် ကာလဖြစ်သော ပျူခေတ်ကာလ သမိုင်းစဉ်နှင့်ပတ်သက်၍ သုံးရက်တာ ဆွေးနွေးချက်များကို ခြုံငုံသုံးသပ်ဆွေးနွေးတင်ပြသည်။

မြန်မာ့သမိုင်းစဉ်၏ ကဏ္ဍတစ်ခုဖြစ်သော ပရိုင်းမိတ်ကာလ သမိုင်းစဉ်နှင့် ပတ်သက်၍ ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အမျိုးသားပြတိုက် (ရန်ကုန်) ဘက်စုံခန်းမ၌ ဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း၊ ပညာရှင်များ ပါဝင်ဆွေးနွေးနိုင်ကြောင်း၊ ပါဝင်ဆွေးနွေးလိုသူ ပညာရှင်များအနေဖြင့် မိမိတို့ကိုယ်တိုင် သုတေသနပြု တွေ့ရှိချက်များ၊ ခိုင်မာသော အထောက်အထားများကိုပါ ပူးတွဲယူဆောင်၍ အထောက်အထား တင်ပြဆွေးနွေးရန်လိုကြောင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ညွှန်ကြားရေးမှူး ဖုန်း- 095061832၊ Email: departmentofarchaeologyygn@gmail.com များသို့ ကြိုတင်ဆက်သွယ်ရန် စာရင်းပေးထားရန် လိုအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒဂုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

ဒဂုံတက္ကသိုလ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီတွင် ဒဂုံတက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆပ်ကော်မတီ အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဖွင့်ပွဲ အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲကိုစတင်ကျင်းပရာ ကျောင်းသား ကျောင်းသူ ၆၈ ဦးခန့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ယနေ့မွန်းလွဲ ၂ နာရီတွင် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌနှင့် စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌတို့က ဆုရရှိသည့် ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီး တစ်ဦးချင်း နှစ်သိမ့်ဆု လေးဆု၊ အမျိုးသား အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသား အမျိုးသမီး တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **သတင်းစဉ်**

# မိုးနဲမြို့နယ်၌ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

မိုးနဲ ဇွန် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၂ ခုနှစ် တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် နားခံကျေးရွာအုပ်စု ဝမ်ယေးကျေးရွာနေ တောင်သူဦးဟာရီဗဟာဒူး၏ ယာမြေတစ်ဧကတွင် တိရစ္ဆာန်အစာပင်အဖြစ် မွန်ဘားဆား မြက်မျိုး ကွင်းသရုပ်ပြစိုက်ပျိုးခြင်းကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းသို့ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းဖြင့် လွတ်ကျောင်းစနစ်မှ ရိတ်ကျွေးသည့်စနစ် ဖွံ့ဖြိုးလာစေရန်၊ အစာရှားပါးသည့်အချိန်တွင် အာဟာရဓာတ်ကြွယ်ဝသော အစာအဖြစ် ကျွေးမွေးနိုင်ရန်၊ မြို့နယ်အတွင်း ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းများအတွက် အာဟာရဓာတ်ကြွယ်ဝပြီး ထွက်နှုန်းကောင်းမွန်သော အစာများဖူလုံစွာသုံးစွဲနိုင်ကြရန်၊ မွန်ဘားဆားမြက်ကို နွားစာအဖြစ် ကျွေးမွေးခြင်းဖြင့် လိုအပ်သော ပရိုတင်းဓာတ်ပမာဏများ ပြည့်ဝစွာရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တိရစ္ဆာန်အစာပင် မွန်ဘားဆားမြက်မျိုးကို ကွင်းသရုပ်ပြစိုက်ပျိုးရခြင်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာခိုင်မြဲစည်သူက ပြောသည်။ **မျိုးညွန့်ရွှေ (ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက်သာသောဈေးနှုန်းဖြင့် ယူရီးယားမြေဩဇာများကို စိုက်ပျိုးရေးဆေးဆိုင်များတွင် ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးစဉ်။ ၂၂၂

# ကဝမြို့နယ်၌ မိုးစပါးမျိုးစေ့ချ ကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြပွဲကျင်းပ

ကဝ ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း လက်တွေ့



သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက ကဝ(၁)ကျေးရွာအုပ်စု တောင်သူ ဦးအောင်ဇော်မိုး၏ လယ်မြေ၌ ပြုလုပ်သည်။

အဆိုပါ မျိုးစေ့ချပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲကိုကို၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲကိုကိုက မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်နည်းစနစ်များအကြောင်းနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် တောင်သူများက သိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ငြိမ်းချမ်းရေး

ဇော်ဇော်အောင်(မန္တလေး)

ငြိမ်းချမ်းရေးဆိုတာ လူသားတို့ရဲ့ အမြင့်ဆုံးသော တန်ဖိုးများ (Value) ထဲမှာမှ ထိပ်ဆုံးကနေ ရပ်တည်ပါဝင်တဲ့အရာဖြစ်ပါတယ်။ တရားမျှတခြင်းမရှိတဲ့ ငြိမ်းချမ်းရေးဆိုတာ ရှိခဲ့ရင်တောင် အဲဒီငြိမ်းချမ်းရေးဟာ တရားမျှတတဲ့ စစ်ပွဲထက် ပိုကောင်းတယ်လို့တောင် ဆိုနိုင်ပါတယ်။ တစ်ခါ ကောင်းမွန်တဲ့ စစ်ပွဲဆိုတာမရှိနိုင်သလို ဆိုးရွားတဲ့ငြိမ်းချမ်းရေးဆိုတာလည်းမရှိတာ အမှန်ပါ။ (There never was a good war or a bad peace.) ငြိမ်းချမ်းရေးဟာ တန်ဖိုးဖျက်လို့မရနိုင်တဲ့ အရာဖြစ်ပါတယ်။ လူတစ်ယောက်ဟာ သူကိုးကွယ်ယုံကြည်ရာ ဘာသာတရားရဲ့ အဆုံးအမကို လေးစားလိုက်နာလို့ စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရင်တောင်မှ သူ့ရဲ့ဝန်းကျင်တစ်ခုလုံးဆီ အဲဒီငြိမ်းချမ်းရေးဟာ ကူးစက်နိုင်သလို လူ့အဖွဲ့အစည်းတစ်ရပ်လုံးရဲ့ ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်ရင် အဲဒီငြိမ်းချမ်းရေးဟာ နောက်မျိုးဆက်တွေရဲ့ဘဝတွေအထိ၊ နိုင်ငံတစ်ခုရဲ့ မဆုံးနိုင်တဲ့အနာဂတ်အထိ ကူးစက်နိုင်တာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ လူတစ်ယောက်အတွက်ရော၊ လူ့အဖွဲ့အစည်းတစ်ရပ် (နိုင်ငံတစ်ခု) အတွက်ရော မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရင် ရရှိမယ့်အကျိုးစီးပွားတွေက အလျှံပယ်ပါပဲ။ အတိုင်းအဆမရှိပါဘူး။ ငြိမ်းချမ်းရေးကို အားလုံးကလိုလားအပ်ပါတယ်။ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်လို့ ရရှိလာမယ့် မြောက်မြားလှစွာသော အကျိုးအမြတ်တွေကို မြော်မြင်အပ်ပါတယ်။ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ့် နည်းလမ်းတွေကိုတွေ့ရင် မလွတ်တမ်းဆုပ်ကိုင်ပြီး အစွမ်းကုန်ကြိုးပမ်း တည်ဆောက်အပ်ပါတယ်။ ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းသည် အနာဂတ်ကောင်းတစ်ခုကို ခိုင်ခိုင်မာမာတည်ဆောက်ခြင်းလည်း မည်ပါတယ်။ မျိုးဆက်တွေရဲ့အကျိုးစီးပွားကို အုတ်မြစ်ချပေးခြင်းလည်း မည်ပါတယ်။ ငြိမ်းချမ်းရေးကို တည်ဆောက်သူတွေဟာ နိုင်ငံကို တည်ဆောက်သူတွေ (Statesman) လို့ ယူဆရင်တောင် မှားမယ် မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းက သူတော်ကောင်းတို့ရဲ့အလုပ်လည်း ဖြစ်ပါတယ်။ အနာဂတ်ကောင်းမွန်ဖို့၊ မျိုးဆက်တွေ အကျိုးများဖို့၊ ခိုင်မာတဲ့နိုင်ငံတော်ကြီးပေါ်ပေါက်ဖို့ ငြိမ်းချမ်းရေးကို ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် အောင်မြင်အောင် တည်ဆောက်အပ်ပါတယ်။ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရင် ဆိုခဲ့သလိုပါပဲ အကျိုးအမြတ်တွေ အများကြီးရှိနိုင်ပါတယ်။ အဲဒီအကျိုးအမြတ်တွေထဲကမှ လတ်တလောမှာ မဖြစ်မနေ အမြန်ဆုံးလည်းလိုအပ်နေပြီး ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်တာနဲ့ အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် အကျိုးအမြတ်တချို့ကို ဖော်ပြအပ်ပါတယ်။

**အခြေခံအဆောက်အအုံများ**

လမ်းပန်းဆက်သွယ်ရေး အစရှိတဲ့ အခြေခံအဆောက်အအုံတွေဟာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်တာနဲ့ အခြေခံအဆောက်အအုံတွေကို အထိရောက်ဆုံး၊ အကောင်းဆုံး၊ အမြန်ဆုံး တည်ဆောက်နိုင်ပါလိမ့်မယ်။ အာရှဒေသ (အရှေ့တိုင်း) တစ်ခုလုံးဟာ အခုဆိုရင် အလားအလာအကောင်းဆုံး စီးပွားရေးဘလေ့ာ့ကြီးတစ်ခုအဖြစ် ပေါင်းစည်းဖြစ်ပေါ်နေပြီဖြစ်ပါတယ်။ အထူးသဖြင့် အခုရာစုနှစ်ရဲ့ စီးပွားရေးစူပါပါဝါကြီးတွေဖြစ်လာဖို့ အလားအလာအကောင်းဆုံးဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ကို ဗဟိုပြုပြီးတော့ ကမ္ဘာ့ဦးဆောင်စီးပွားရေးဒေသကြီးအဖြစ် ဦးတည်ရွေ့လျားနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီနိုင်ငံကြီးနှစ်နိုင်ငံရဲ့ကြားမှာတည်ရှိနေပြီးတော့ ရာစုသစ်စီးပွားရေးအခွင့်အလမ်းကြီးရဲ့ ဗဟိုချက်နေရာမှာ ကုသိုလ်ထူးစွာတည်ရှိနေတာပဲဖြစ်ပါတယ်။ တကယ်လို့သာငြိမ်းချမ်းရေးကို အခိုင်အမာတည်ဆောက်နိုင်ခဲ့ရင် အခြေခံအဆောက်အအုံတွေ အလျင်အမြန်နဲ့ အကောင်းဆုံးတည်ဆောက်ရေးကိစ္စဟာ အင်မတန်မှ လွယ်ကူမြန်ဆန်စွာ လုပ်ကိုင်နိုင်ပါလိမ့်မယ်။ ဒီနိုင်ငံကြီးနှစ်နိုင်ငံစလုံးက သူတို့အကျိုးစီးပွားတွေဖြစ်ထွန်းဖို့ များစွာဆက်စပ်နေတဲ့ မြန်မာနိုင်ငံရဲ့ တည်ဆောက်ရေးကိစ္စတွေကို ကူညီဆောင်ရွက်ဖို့ နည်းလမ်းတွေ ရှာဖွေထားပြီးလည်း ဖြစ်နေပါပြီ။ မြန်မာနိုင်ငံအနေနဲ့ ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ရင် ရာစုသစ်စီးပွားရေးအခွင့်အလမ်းကြီးနဲ့ လွဲချော်မသွားဘူးဆိုရင်တောင်မှ ရသင့်သလောက်အပြည့်အဝမရဘဲ ရှိပါလိမ့်မယ်။ တကယ်လို့ငြိမ်းချမ်းရေးကိုသာ အခိုင်အမာတည်ဆောက်နိုင်ရင် ကိုယ့်နိုင်ငံကြီးပွားချမ်းသာရေးကို ဆောင်ကြဉ်းပေးနိုင်ရုံမကဘဲနဲ့ ဒေသတွင်းအကျိုးစီးပွားနဲ့ ကမ္ဘာကြီးရဲ့အကျိုးစီးပွားကို ပံ့ပိုးပေးတဲ့ ပဓာနဇာတ်ကောင် (Key Player) နိုင်ငံတစ်ခု ဖြစ်လာပါလိမ့်မယ်။

**စည်းလုံးညီညွတ်ရေး**

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတဲ့အခါ ဒေသတစ်ခုနဲ့တစ်ခု အခုလိုဝေးကွာမနေတော့ဘဲ၊ နိုင်ငံသား၊ တိုင်းရင်းသားတွေ အချင်းချင်းကြား အခုလိုစိမ်းမနေတော့ဘဲနဲ့ ပိုမိုရင်းနှီးကျွမ်းဝင် ချစ်ခင်လာကြမှာဖြစ်ပါတယ်။ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ လိုအပ်ချက် စတာတွေကို တခြားလူမျိုးတွေက ပိုမိုကောင်းမွန်စွာ နားလည်လာကြမှာဖြစ်သလို အားနည်းချက်၊ အားသာချက်တွေကိုလည်း အချင်းချင်းအပြန်အလှန် ပိုမိုဖြည့်ဆည်းပေးနိုင်ပါလိမ့်မယ်။ ပိုမိုနီးကပ်စွာ ကူးလူးဆက်ဆံလာနိုင်ကြတာနဲ့အမျှ ပိုမိုနားလည်ယုံကြည်မှု ရှိလာကြတာနဲ့အမျှ အချင်းချင်းပိုမိုစည်းလုံးညီညွတ်ချစ်ခင်ရင်းနှီးလာခြင်းနဲ့အတူ ငြိမ်းချမ်းရေးကို ပိုမိုတောင့်တင်းခိုင်မာအောင် ကျွဲကူးရေပါဆောင်ရွက်ပြီးသား ဖြစ်နေမှာပါ။ ဒီစည်းလုံးညီညွတ်မှုကပဲ ငြိမ်းချမ်းရေးကို ရေရှည်အာမခံချက်ရှိအောင် ထောက်ပံ့ပေးနိုင်ပါလိမ့်မယ်။

**စီးပွားရေး**

လမ်းပန်းဆက်သွယ်ရေးနဲ့ တခြားသောအခြေခံအဆောက်အအုံတွေကို တစ်နိုင်ငံလုံးမှာ အကြားမလပ်ကောင်းမွန်အောင် တည်ဆောက်နိုင်တာနဲ့အမျှ နိုင်ငံတစ်ဝန်း စီးပွားရေးအရသီးပွင့်လာမယ်ဆိုတာ အထူးပြောစရာလိုမယ်မထင်ပါဘူး။ ဒေသထွက်ကုန်တွေဟာ အခုဆိုရင် သာမန်ကုန်ကြမ်းအဆင့်မှာပဲ အများစုက ရောင်းဝယ်ဖောက်ကားနေကြရပြီးတော့ ရသင့်သလောက် အကျိုးအမြတ် မရကြဘဲနဲ့ စီးပွားရေးအရ အောက်တန်းနောက်တန်းကျနေရခြင်းဖြစ်ပါတယ်။ ခေတ်မီနည်းပညာနဲ့ ဒေသထွက်ကုန်တွေကို အဆင့်မြင့်မြင့် ထုတ်လုပ်နိုင်လာတာနဲ့အမျှ တစ်နိုင်ငံလုံးမှာ တင်ပို့ရောင်းချနိုင်ရုံမက ကမ္ဘာတစ်ဝန်းအထိ ဈေးကွက်ရရှိလာပါလိမ့်မယ်။ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် များစွာအထောက်အပံ့ ဖြစ်စေရုံမျှမကဘဲနဲ့ ခေတ်မီကမ္ဘာကြီးကို နိုင်ငံတွင်းဘယ်နေရာကနေမဆို အမီလိုက်နိုင်မှာဖြစ်တာကြောင့် ကမ္ဘာ့အဆင့်မီနိုင်ငံတစ်ခု ဖြစ်လာဖို့ဆိုတာ အလွယ်တကူကိစ္စ ဖြစ်လာပါလိမ့်မယ်။

**ဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတစ်ခုရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စကို ငြိမ်းချမ်းရေး အခိုင်အမာမရှိဘဲ ဆောင်ရွက်ဖို့ဆိုတာ အင်မတန်လက်တွေ့မကျတဲ့ကိစ္စဖြစ်ပါတယ်။ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး

> **တိုင်းပြည်မငြိမ်းချမ်းတဲ့အခါ၊ နိုင်ငံသားတွေအချင်းချင်း မညီညွတ်ကြတဲ့အခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ရုံမက နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာနဲ့ တန်ဖိုးတွေကိုလည်း ရှိသင့်သလောက်ရှိအောင်၊ တင့်တယ်သင့်သလောက် တင့်တယ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ နိုင်ငံတွေအတွက် ပြည့်ဝပြည့်စုံသော အခွင့်အလမ်းတွေကိုရရှိဖို့ ငြိမ်းချမ်းရေးကလိုအပ်ချက်ဖြစ်ပါတယ်။ ပြည့်ဝပြည့်စုံတဲ့ အခွင့်အလမ်းတွေကိုရရှိပိုင်ဆိုင်ထားတဲ့ နိုင်ငံတွေပဲ တန်ဖိုးမြင့်မားနိုင်ပါတယ်။ ဂုဏ်သိက္ခာမြင့်မားနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ခုရဲ့ တန်ဖိုးနဲ့ဂုဏ်သိက္ခာကို အမြင့်မားဆုံးတည်ဆောက်နိုင်ဖို့ဆိုရင် ငြိမ်းချမ်းရေးဟာ အခြေခံလိုအပ်ချက်တွေအနက်က အရေးအကြီးဆုံးတစ်ခုဖြစ်**

စတဲ့ ကိစ္စတွေဟာ တစ်ခုနဲ့တစ်ခု အသေအချာဆက်နွှယ်နေပြီးတော့ တစ်ခုချင်းစီပြည့်ပြည့်ဝဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ဆိုတာလည်း လက်တွေ့မှာမဖြစ်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးကို အခိုင်အမာ တည်ဆောက်ခြင်းအားဖြင့်သာဆောင်ရွက်နိုင်ပါလိမ့်မယ်။ ခိုင်မာတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ရင် တစ်နိုင်ငံလုံး အကြားမလပ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စက သိပ်ခက်ခဲတဲ့ကိစ္စမဟုတ်တော့ပါဘူး။

**နိုင်ငံတော်၏တန်ဖိုးနှင့် ဂုဏ်သိက္ခာ**

တိုင်းပြည်မငြိမ်းချမ်းတဲ့အခါ၊ နိုင်ငံသားတွေအချင်းချင်း မညီညွတ်ကြတဲ့အခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ရုံမက နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာနဲ့ တန်ဖိုးတွေကိုလည်း ရှိသင့်သလောက်ရှိအောင်၊ တင့်တယ်သင့်သလောက် တင့်တယ်အောင် ဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။ ငြိမ်းချမ်းတဲ့နိုင်ငံတွေက မငြိမ်းချမ်းတဲ့နိုင်ငံတွေထက် အစစအရာရာသာလွန်တဲ့ အခွင့်အလမ်းတွေရှိတယ်ဆိုတာ အထူးပြောစရာ မရှိပါဘူး။ နိုင်ငံတွေအတွက် ပြည့်ဝပြည့်စုံသော အခွင့်အလမ်းတွေကိုရရှိဖို့ ငြိမ်းချမ်းရေးကလိုအပ်ချက်ဖြစ်ပါတယ်။ ပြည့်ဝပြည့်စုံတဲ့ အခွင့်အလမ်းတွေကိုရရှိပိုင်ဆိုင်ထားတဲ့ နိုင်ငံတွေပဲ တန်ဖိုးမြင့်မားနိုင်ပါတယ်။ ဂုဏ်သိက္ခာမြင့်မားနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ခုရဲ့ တန်ဖိုးနဲ့ဂုဏ်သိက္ခာကို အမြင့်မားဆုံးတည်ဆောက်နိုင်ဖို့ဆိုရင် ငြိမ်းချမ်းရေးဟာ အခြေခံလိုအပ်ချက်တွေအနက်က အရေးအကြီးဆုံးတစ်ခုဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ကြီးပွားချမ်းသာနိုင်တဲ့၊ ဖွံ့ဖြိုးတိုးတက်နိုင်တဲ့၊ ဂုဏ်သိက္ခာမြင့်မားနိုင်တဲ့ အခွင့်အလမ်းကြီးတစ်ရပ်နဲ့ သေသေချာချာကို တည့်တည့်တိုးနေတဲ့အချိန်ကာလထဲမှာရှိနေပါတယ်။ အာရှရဲ့ ထူးခြားကောင်းမွန်တဲ့ ကံကြမ္မာကြီးဟာ နှစ်ဆယ့်တစ်ရာစုအစမှာပဲ စတင်ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အခွင့်အလမ်းတွေရဲ့ ဆုံမှတ်တစ်နေရာမှာ အသေအချာကိုတည်ရှိနေပါတယ်။ ငြိမ်းချမ်းရေးကို အားလုံးရဲ့ကောင်းမြတ်တဲ့ စိတ်ဆန္ဒတွေနဲ့ တည်ဆောက်နိုင်မှသာလျှင် ရသင့်ရထိုက်တဲ့ အကျိုးအမြတ်တွေကို အဲဒီအခွင့်အလမ်းတွေထဲကနေ အပြည့်ဝဆုံးရရှိနိုင်မှာဖြစ်တာကြောင့် ငြိမ်းချမ်းရေးကို အမြော်အမြင်ကြီးကြီး၊ သဘောထားကြီးကြီး၊ ချစ်ခြင်းမေတ္တာကြီးကြီး၊ စေတနာကြီးကြီးနဲ့ အတ္တများဖယ်ခွာပစ်ကြပြီး အမြန်ဆုံး၊ အခိုင်အမာဆုံး၊ အကောင်းဆုံးတည်ဆောက်နိုင်ကြပါလိမ့်မယ်လို့ တိုက်တွန်းရင်း တောင်းဆုဆန္ဒပြုလိုက်ရပါ တယ်။ ။

> **အခုရာစုနှစ်ရဲ့ စီးပွားရေးစူပါပါဝါကြီးတွေဖြစ်လာဖို့ အလားအလာအကောင်းဆုံးဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ကိုဗဟိုပြုပြီးတော့ ကမ္ဘာ့ဦးဆောင်စီးပွားရေးဒေသကြီးအဖြစ် ဦးတည်ရွေ့လျားနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီနိုင်ငံကြီးနှစ်နိုင်ငံရဲ့ကြားမှာတည်ရှိနေပြီးတော့ ရာစုသစ်စီးပွားရေးအခွင့်အလမ်းကြီးရဲ့ ဗဟိုချက်နေရာမှာ ကုသိုလ်ထူးစွာ တည်ရှိနေတာပဲဖြစ်ပါတယ်။ တကယ်လို့သာ ငြိမ်းချမ်းရေးကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့ရင် အခြေခံအဆောက်အအုံတွေ အလျင်အမြန်နဲ့ အကောင်းဆုံးတည်ဆောက်ရေး ကိစ္စဟာ အင်မတန်မှလွယ်ကူမြန်ဆန်စွာ လုပ်ကိုင်နိုင်ပါလိမ့်မယ်**

# ကဝမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး အခြေခံတိရစ္ဆာန် ကျန်းမာရေးလုပ်သားများနှင့် တွေ့ဆုံပွဲကျင်းပ

ကဝ ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနဝန်ထမ်းများ၊ အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားများ နှင့် တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

**လမ်းညွှန်မှာကြား**

အဆိုပါတွေ့ဆုံပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန် ချက်ဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင့်သူက စီးပွားဖြစ်လွယ်ကူစွာဆောင်ရွက်နိုင်ပြီး ဈေးကွက် နှင့် ဈေးနှုန်းကောင်းမွန်သော ဒေသကြက်အား ပြည်သူများ အိမ်တိုင်း မွေးမြူရေးအတွက် စည်းရုံးဆောင်ရွက်ကြရန်၊ တိရစ္ဆာန်အစာပင် (နေပီယာ)မြက် စိုက်ပျိုးကြရန်၊ နွားမျိုးကောင်းမျိုးသန့်များ ပြန့်ပွား ရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် မေထုန်မဲ့နွား သားစပ် ခြင်းလုပ်ငန်း ပိုမိုအောင်မြင်အောင်ဆောင်ရွက်ကြရန်၊ တိရစ္ဆာန်ကူးစက် ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ကြရန် လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။



ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာသော ဝန်ထမ်းများနှင့် ကျန်းမာရေးလုပ်သားများက သိရှိလိုသည်များကို မေးမြန်းတင်ပြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေး ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဓနုဖြူမြို့နယ်၌ တိရစ္ဆာန်အစာ နေပီယာမြက် သရုပ်ပြစိုက်ခင်း ကွင်းဆင်းကြည့်ရှု

ဓနုဖြူ ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာ အုပ်စု လေ့ဆိပ်ကျေးရွာရှိ တောင်သူ ဦးနေအုတ်၏ စိုက်ပျိုးဧက ၁ ဒသမ ၃၄ ဧကတွင် တိရစ္ဆာန်အစာ နေပီယာမြက် သရုပ်ပြစိုက်ခင်း စိုက်ပျိုးထားရှိမှုကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုကြ သည်။

ဆက်လက်၍ ဓနုဖြူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာအိချိုဇင်က တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းဖြင့် လွတ်ကျောင်း စနစ်မှ အစာကျွေးစနစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ အစာ ရှားပါးချိန်တွင် အာဟာရကြွယ်ဝသော အစားအစာအဖြစ် ကျွေးမွေးရန်၊ ပြည်တွင်း ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းအတွက် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းစေသော တိရစ္ဆာန်အစာများ ဖူလုံစွာသုံးစွဲနိုင်ကြစေ ရန်နှင့် နေပီယာမြက်ကို နွားစာအဖြစ်ကျွေးမွေးပါက လိုအပ်သော အာဟာရဓာတ် ပမာဏများ ပြည့်ဝစွာရရှိစေရန် ရည်ရွယ်၍ နေပီယာ မြက် စိုက်ပျိုးထားရှိကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

# ပေါက်ခေါင်းမြို့နယ်၌ တိရစ္ဆာန်အစာနေပီယာမြက် သရုပ်ပြစိုက်ပျိုးပွဲပြုလုပ်

ပေါက်ခေါင်း ဇွန် ၂၂

၂၀၂၂ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တ ပတ်အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာနေပီယာမြက် သရုပ်ပြ စိုက်ပျိုး



ခြင်းကို ယနေ့နံနက် ၈ နာရီက ဖိုကုန်းကျေးရွာ တောင်သူ ဦးနေလင်း၏ ယာမြေနှစ်ဧကတွင် ပြုလုပ်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းနိုင်ထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ပါဝင်စိုက်ပျိုးခဲ့ကြောင်း သိရ သည်။

**ပြောကြား**

"တိရစ္ဆာန်အစာနေပီယာမြက်က တခြားမြက်၊ ကောက်ရိုးတို့ ထက် အသားဓာတ်ပိုရရှိပြီး ကျွဲ၊ နွားအပါအဝင် ကြက်၊ ဝက်၊ ဆိတ် နှင့် တိုင်းရင်းကြက်တွေကိုပါ အမှုန့်ကြိတ်ပြီး ဆန်ကွဲ၊ ဖွဲကြမ်းတို့နဲ့ ရောစပ်ကျွေးနိုင်ပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်ထွန်းက ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

# နေပြည်တော်မီးသတ်ဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၂

နေပြည်တော်မီးသတ်ဦးစီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲကို နေပြည်တော် ဒက္ခိဏာခရိုင်မီးသတ်ဦးစီးဌာနပိုင် မြေနေရာ ၌ ကျင်းပသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ကျွန်းပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက အရိပ်ရပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေကြသည့် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များကို နှုတ်ဆက်အားပေးသည်။

ယခုပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ပိတောက်၊ ယမနေ၊ ကုက္ကို၊ ယင်းမာနှင့် ယူကလစ်ပင် စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ ကြေးမုံ



# လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

မအူပင် ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် လူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်အသေးစား စက်မှု လက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပ သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ မအူပင်ခရိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေး၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းသား သင်တန်း သူများအား သင်ကြားပို့ချနေမှုများနှင့် လက်တွေ့ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဇွန် ၂၂

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၂

နေရာကွက်ကျား မိုးထစ် ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မိုး/ဇလ



ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး နေ့အား ကြိုဆိုသောအားဖြင့် ဇွန် ၂၂ ရက် နံနက်ပိုင်းက ကြည့်မြင်တိုင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ရည်ရည်မွန်၊ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်မြ၊ ကြည့်မြင်တိုင် မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးစန်းလွင်(ရွှေတိုင်လွင်) တို့က အထက(၃)ကြည့်မြင်တိုင် စကားဖြူခန်းမ၌ မူးယစ်ဆေးဝါး အန္တရာယ်တို့ကာကွယ်ခေါင်းစဉ်ဖြင့် စကားဝိုင်းဖွဲ့ ဆွေးနွေးကြစဉ်။

တင်ဝင်းတင်

○ ရှေ့ဖုံးမှ

နမ့်စန်– မိုးနဲ– မိုင်းတုံ–မိုင်းဆတ် လမ်းမကြီး ပေါ်တွင် တန် ၃၀ အထက် ယာဉ်ကြီးများ ဖြတ်သန်း သွားလာလျက်ရှိပြီး လမ်းပေါ်ရှိတံတားများသည် ခံနိုင်ဝန် တန် ၆၀ စသော တံတားများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများအား စီမံချက်များရေးဆွဲ၍ ဆောင်ရွက်ခြင်းနှင့်အတူ သံလွင်တံတား (တာဆန်း)အား အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိ သည်။

တံတားအရှည်မှာ ၂၆၆ ဒသမ ၈၆၁ မီတာ၊ ၈၇၅ ဒသမ ၅၇ ပေ ရှိသည်။ ချဉ်းကပ်တံတားမှာ မိုင်းပန် ဘက်ကမ်းတွင် ၁၁ မီတာ၊ မိုင်းတုံဘက်ကမ်းတွင် ၅၄ ဒသမ ၈၆၁ မီတာ ရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ် 1.5 m ϕ R.C Bored Pie၊ တံတားအောက်ထည် R.C၊ တံတားအပေါ်ထည် Steel Truss+R.C၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ ရေလမ်း ကင်းလွတ်အကျယ် ၁၁၇ ဒသမ ၅ မီတာ၊ ရေလမ်း ကင်းလွတ်အမြင့် ၁၀ မီတာ၊ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းအလေးချိန် ၇၅ တန်၊ လူသွားလမ်း အကျယ် (၁ မီတာ) တစ်ဖက်လျှင် ၃ ပေစီပါရှိပြီး ၂၀၂၄ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

တံတားစီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံ အလယ်ပိုင်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ဖြတ်ကာ (အရှေ့ပိုင်း)၊ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွယ်ကူ လျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသတွင်းသာမက အိမ်နီးချင်းနိုင်ငံများသို့ပါ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ ဒေသတွင်း ထွက်ကုန်များကို ဒေသတွင်းအပြင် အိမ်နီးချင်း နိုင်ငံများသို့ပါ ပို့ဆောင်နိုင်မည်ဖြစ်ပြီး ကုန်စည် စီးဆင်းမှု မြန်ဆန်ရေးအတွက် များစွာ အထောက် အကူပြုသည့် အကျိုးကျေးဇူးများကိုရရှိမည် ဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကျုံပျော်မြို့နယ် အထောင်မြို့ အ.ထ.ကတွင် အလယ်တန်းအဆင့် ကျောင်းပေါင်းစုံ အခြေခံကဗျာလွတ်အကပြိုင်ပွဲ ကျင်းပ

ကျုံပျော် ဇွန် ၂၂

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းအဆင့်ကျောင်းပေါင်းစုံ အခြေခံကဗျာလွတ် အကပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ပြိုင်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအုန်းကျော်က ကဗျာလွတ်အကပြိုင်ပွဲ ကျင်းပမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အ.ထ.က (၁) ကျုံပျော်မှ ကျောင်းသူတစ်ဦးက မြန်မာ့ရိုးရာ တစ်ပင်တိုင်အကဖြင့် ဧည့်ခံဖျော်ဖြေခဲ့ပြီး မြို့မပညာရေးဇုန်၊ အထောင် ပညာရေးဇုန်၊ အင်းရဲပညာရေးဇုန်နှင့် ဒိုက်ပျက် ပညာရေးဇုန်တို့မှ ပြိုင်ပွဲဝင်ကဗျာလွတ် အကအဖွဲ့ လေးဖွဲ့၊ အကပြိုင်ပွဲဝင် ကျောင်းသူ ၆၄ ဦးတို့က ကပြယှဉ်ပြိုင်ရာ အကဲဖြတ်ဒိုင်လေးဦးက စိစစ်အမှတ်ပေးကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ကဗျာလွတ်အကပြိုင်ပွဲ ပထမဆုရရှိသောအဖွဲ့အား ဆုငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆုရရှိသော အဖွဲ့အား ဆုငွေကျပ် ၁၀၀၀၀၀ နှင့် နှစ်သိမ့်ဆုရရှိသောအဖွဲ့အား ဆုငွေကျပ် ၅၀၀၀၀ စီတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး အထောင်မြို့ အ.ထ.က ကျောင်းသူလေးများက "ရှမ်းရိုးမက အိုးစည်သံ" တေးသီချင်းဖြင့် ဆက်လက် ကပြဖျော်ဖြေခဲ့ကြသည်။ ဆုရရှိသည့် အဖွဲ့များအနေဖြင့် ခရိုင်အဆင့်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)






## ကျောက်တံခါးမြို့တွင် မိုးရာသီ တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုး

ကျောက်တံခါး ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီတိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုးခြင်းအား ယနေ့နံနက်ပိုင်းက ကွင်းမြောက်ရပ်ကွက်ရှိ မွေးမြူရေးလုပ်ကိုင်သူ ဦးသီဟအောင်နှင့် ကျောင်းစိုးကျေးရွာအုပ်စု ထိန်တောကျေးရွာရှိ တောင်သူ ဦးဇော်မင်းအောင်တို့၏ ယာမြေတွင် ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ကြီးကြပ်မှုကော်မတီမှ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။

ကျောက်တံခါးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာ နှင်းနုလွင်က တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းဖြင့် လွှတ်ကျောင်းစနစ်မှ ခြံလှောင်မွေးမြူသည့်စနစ်သို့ ကူးပြောင်းပြီး တိရစ္ဆာန်မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ခြင်း၊ အစာရေစာရှားပါးသောဒေသများနှင့် အစာဖိုးကုန်ကျစရိတ်မြင့်တက်နေချိန်တို့တွင် ဖြည့်စွက်အစာစိမ်းအနေဖြင့် (ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်) အစရှိသည့် ဒေသထွက်အစာနှင့် ရောစပ်ကျွေးမွေးခြင်းဖြင့် တိရစ္ဆာန်များအတွက် အာဟာရပြည့်ဝစွာရရှိခြင်း၊ ထုတ်လုပ်မှုကောင်းစွာရရှိခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

## မော်ဘီမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနေ့ အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မော်ဘီ ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ သစ်တောဦးစီးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနေ့ ၂၀၂၂ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် မော်ဘီမြို့နယ် ရေပြာကျေးရွာ မြကျောက်တောရ ဓမ္မရိပ်သာ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



ရှေးဦးစွာ မော်ဘီမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်သူက မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည် ထံသို့ စိုက်ပျိုးမည့် ပျိုးပင်ပေါက်များ ပေးအပ်သည်။

အဆိုပါ ကျောင်းဝင်းအတွင်းရှိ ကွင်းပြင်ကျယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၂၀၀ ကျော်က ပိတောက်၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ မန်ကျည်းရှား၊ မဲဇလီနှင့် အခြားသစ်မျိုးများ ဖြစ်ကြသော သဃ်န်း၊ အင်ကြင်း၊ လုမ္ဗိနီအင်ကြင်း၊ ကရမက်နှင့် တရုတ်တယ် စသည့် သစ်မျိုးများ စုစုပေါင်းအပင် ၁၀၈၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

## ညောင်တုန်းမြို့နယ်တွင် တိရစ္ဆာန်အစာပင် နေပီယာမြက် သရုပ်ပြစိုက်ပျိုး

ညောင်တုန်း ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတိရစ္ဆာန်အစာပင် နေပီယာမြက် သရုပ်ပြစိုက်ပျိုးပွဲကို ယနေ့ နံနက် ၉နာရီတွင် ပဲရုံဆိပ်ကျေးရွာရှိ ဦးမြတ်သိန်းထွန်း၏ ယာမြေ ငါးကေတွင် ကျင်းပသည်။

သရုပ်ပြစိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ မြတ်ပွင့်ဖြူနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံမွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြတ်ပွင့်ဖြူက တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုးအသုံးပြုခြင်းဖြင့် လွှတ်ကျောင်းစနစ်မှ အစာကျွေးစနစ် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာစေရန်၊ ပြည်တွင်းကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းများအတွက် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းစေသော တိရစ္ဆာန်အစာများ ဖူလုံစွာသုံးစွဲနိုင်စေရန်၊



အစာရှားပါးချိန်တွင် အာဟာရကြွယ်ဝသောအစားအစာအဖြစ် ကျွေးမွေးနိုင်ရန်နှင့် နေပီယာမြက်ကို စိုက်ပျိုးထားရှိခြင်းဖြစ်ကြောင်း အသိပညာပေးရှင်းလင်းပြောကြားသည်။

ထက်ဝေဖြိုး(ပြန်/ဆက်)

❖ **ကျောဖုံးမှ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံပြိုင်ပွဲတွင် ကစားရမည့် အုပ်စုပွဲပုံစံအတိုင်း ခြေစမ်းပွဲကစားနေခြင်းဖြစ်ပြီး ဇွန် ၁၇ ရက်တွင် မြန်မာ ယူ-၁၈ အမျိုးသမီး (ခ) အသင်း၊ ဇွန် ၂၁ ရက်တွင် မြန်မာ ယူ-၁၈ အမျိုးသမီး (က) အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရာ ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၂၃၊ ၂၅ ရက်တို့တွင် ခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားမည်ဖြစ်ပြီး နောက်ဆုံးပွဲကို လူငယ်အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လက်ရှိတွင် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ထိုင်းကလပ်တွင် သွားရောက်ကစားနေသည့် အသင်းခေါင်းဆောင် ခင်မာလာထွန်းမှာလည်း အသင်းနှင့် ပြန်လည်ပူးပေါင်းနေပြီဖြစ်သည်။

၂၀၂၂ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ) တွင် ဗီယက်နမ်၊ တီမော၊ လာအို၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

ကိုညီလေး

## ရွှေကျင်မြို့တွင် မိုးရာသီ တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုး

ရွှေကျင် ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီတိရစ္ဆာန်အစာပင် နေပီယာမြက် စိုက်ပျိုးခြင်းအား ယနေ့ နံနက် ၁၀ နာရီက စလူချောင်းကျေးရွာရှိ မွေးမြူရေးလုပ်ကိုင်သူ ဦးအောင်ထွေး၏ ယာမြေတွင် ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ကြီးကြပ်မှုကော်မတီမှ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာထူးမြတ်က တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းဖြင့် လွှတ်ကျောင်းစနစ်မှ ခြံလှောင်မွေးမြူသည့်စနစ်သို့ ကူးပြောင်းပြီး တိရစ္ဆာန်မှထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ခြင်း၊ အစာရေစာရှားပါးသောဒေသများနှင့် အစာဖိုးကုန်ကျစရိတ် မြင့်တက်နေချိန်တို့တွင် ဖြည့်စွက်အစာစိမ်းအနေဖြင့် (ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်)အစရှိသည့် ဒေသထွက်အစာနှင့် ရောစပ်ကျွေးမွေးခြင်းဖြင့် တိရစ္ဆာန်များအတွက် အာဟာရပြည့်ဝစွာရရှိခြင်း၊ ထုတ်လုပ်မှုကောင်းစွာရရှိခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ခရီး

ဇင်ငြိမ်း

ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်ခရီးအတွက် အခြေခံလိုအပ်ချက်တစ်ခုပြပါဆိုလျှင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ညွှန်ပြရမည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးသည် နိုင်ငံတည်ဆောက်ရေးနှင့် ရင်ပေါင်တန်း ယှဉ်တွဲလျက်ရှိရာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးရှိမှသာ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြားကဏ္ဍများကို ထိရောက်စွာ ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ သို့သော်လည်း မြန်မာ့သမိုင်းတစ်လျှောက် ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်မှုထက် ပဋိပက္ခများဖြင့်သာ လွှမ်းမိုးနေခဲ့သဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုမှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နိမ့်ကျခဲ့သည်ကို တွေ့ရပါသည်။

❖ **မြန်မာနိုင်ငံ၏ ပဋိပက္ခများကို လက်နက်ကိုင်တိုက်ခိုက်သည့်နည်းလမ်းများဖြင့် အစဉ်အဆက် ဖြေရှင်းခဲ့ကြသော်လည်း ယနေ့ထက်တိုင် မပြေလည်နိုင်သေးသည်ကို ကြည့်ခြင်းအားဖြင့် ပဋိပက္ခဖြေရှင်းသည့်နည်းလမ်းများအပေါ် ပြန်လည်သုံးသပ်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် လက်နက်ကိုင်တိုက်ခိုက်သည့်သံသရာမှရုန်းထွက်၍ ငြိမ်းချမ်းစွာဖြေရှင်းသည့် ယဉ်ကျေးမှုသို့ကူးပြောင်းရန် စဉ်းစားချိန်တန်ပါပြီ။**

❖ **လက်နက်ကိုင်တိုက်ခိုက်ဖြေရှင်းခြင်းသည် ရှိရင်းစွဲပဋိပက္ခများကို မပြေလည်စေသည့်အပြင် ယင်း၏အကျိုးဆက်ကြောင့် စီးပွားရေးအပေါ်ထိခိုက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများကျဆင်းခြင်း၊ လူငယ်များအတွက် အနာဂတ်ရည်မှန်းချက်များ ပျောက်ဆုံးခြင်းကဲ့သို့သော ဘေးထွက်ဆိုးကျိုးများ ဆင့်ကာဆင့်ကာ ဖြစ်ပေါ်လျက်ရှိ**

သို့ဖြစ်ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက် အလိုအပ်ဆုံး လုပ်ငန်းစဉ်များအနက် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် တည်ငြိမ်ရေးမှာ ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဖြစ် တွေ့ရမည်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံရေးပဋိပက္ခများဖြင့် သံသရာကျော့နေသည့် နိုင်ငံတစ်နိုင်ငံအတွက် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုမှာ မရှိမဖြစ်လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။

မိမိတို့နိုင်ငံအနေဖြင့် နယ်ချဲ့အုပ်ချုပ်မှုမှလွတ်မြောက်၍ ကိုယ့်မင်းကိုယ်ချင်း အုပ်ချုပ်လာခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်အတွင်း ပြည်တွင်းပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းထက် လက်နက်ကိုင်ဖြေရှင်းမှုများကြောင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။ နိုင်ငံရေးပဋိပက္ခ ဖြစ်ပွားမှုနှင့်အတူ ပေါ်ပေါက်လာသည့် မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုများသည် နိုင်ငံ၏ အရေးပါသည့် အခြားကဏ္ဍများအပေါ်တွင်လည်း ထိခိုက်လျက်ရှိနေပါသည်။ အထူးသဖြင့် နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် ယနေ့ထက်တိုင် ရုန်းကန်နေကြရဆဲဖြစ်သည်။ ထိုသို့သောအခြေအနေတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုမှာ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးအတွက် မရှိမဖြစ်လိုအပ်သည်ကို နားလည်လက်ခံကြသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲ၊ အကျပ်အတည်းများ ရှိနေသည်ကို တွေ့ရပါသည်။

## ပဋိပက္ခနှင့် ဖွံ့ဖြိုးတိုးတက်မှု

ပဋိပက္ခနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ဆန့်ကျင်ဘက် အချိုးကျပါသည်။ ပဋိပက္ခများ တိုးမြင့်လာသည်နှင့် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျလာမည်ဟု ဆိုခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံအတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခဆိုင်ရာအကြမ်းဖက်မှုများဆိုသည်က တစ်ဦးတစ်ယောက်တည်းသို့မဟုတ် သက်ဆိုင်သူများကိုသာ ကွက်၍ ထိခိုက်သည်မဟုတ်ပါ။ သက်ဆိုင်ရာလူမှုအသိုက်အဝန်းအတွင်းရှိ လူတိုင်းအပေါ် ဆိုးကျိုးများသက်ရောက်စေတတ်ပါသည်။

ယနေ့မိမိတို့နိုင်ငံတွင် ဖြစ်ပွားနေသည့် ပဋိပက္ခဆိုင်ရာ အကြမ်းဖက်မှုများကြောင့် လူ့အဖွဲ့အစည်း၏ တိုးတက်မှုများကို အဟန့်အတားဖြစ်စေလျက်ရှိသည်ကို မျက်မြင်တွေ့နိုင်ပါသည်။ မငြိမ်းချမ်းမှု၏ဘေးထွက်ဆိုးကျိုးများကို လက်တွေ့ ရင်ဆိုင်နေကြရပါသည်။ ကလေးငယ်များ၏ ပညာသင်ယူခွင့်အခွင့်အလမ်း၊ ကျန်းမာရေးဆိုင်ရာအခွင့်အရေး၊ ဆင်းရဲမွဲတေမှု၊ အလုပ်လက်မဲ့ စသည့်အမျိုးမျိုးသော ဆိုးကျိုးများကို တွေ့ကြုံခံစားနေကြရပြီး ယင်းဆိုးကျိုးများကြောင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများကို ကျဆင်းစေလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ တိုးတက်မှုနှုန်းနှင့်ပတ်သက်၍ အေဒီဘီမှ ၂၀၂၂ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သော ASIAN DEVELOPMENT OUTLOOK 2022 အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၂၀၂၁ ခုနှစ်က (-၁၈ ဒသမ ၄) ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် (-၀ ဒသမ ၃) ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၆ ရှိမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းအနေဖြင့် ၂၀၂၁ ခုနှစ်က ၃ ဒသမ ၆ ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၈ ဒသမ ၀ အထိ တိုးမြင့်လာသည်ကို တွေ့ရပါသည်။

၂၀၂၃ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှု ခန့်မှန်းချက်မှာ ၈ ဒသမ ၅ ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ယင်းအစီရင်ခံစာအရ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တိုးတက်မှုနှုန်း ကျဆင်းနေသည့်အပြင် ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း မြင့်မားနေသည်ကို တွေ့ရပါသည်။ ၂၀၂၃ ခုနှစ်တွင် GDP တိုးတက်မှုမြင့်တက်လာသကဲ့သို့ ငွေကြေးဖောင်းပွမှုမှာလည်း ၂၀၂၂ ခုနှစ်ကထက် ပိုမိုမြင့်တက်လာမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်ကာလမှာ စီးပွားရေးဆိုင်ရာ ရုန်းကန်ကြရမည့် အခြေအနေဟု ခန့်မှန်းနိုင်ပါသည်။

## ပဋိပက္ခနှင့် ဆင်းရဲမွဲတေမှု

ဆင်းရဲမှုနှုန်းအနေဖြင့် UNDP ၏ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ နှင့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရှိ မြို့ပြဆင်းရဲမွဲတေမှုမှာ သုံးဆမြင့်တက်လာနိုင်ကြောင်း ဆိုထားပါသည်။ ယင်းစစ်တမ်းကောက်ယူမှုများမှာ ၂၀၂၁ ခုနှစ် မေလနှင့် ဇွန်လအတွင်း ကောက်ယူမှုများဖြစ်ပြီး ယင်းစစ်တမ်းကောက်ယူချိန်က ရုရှား- ယူကရိန်း ပဋိပက္ခမဖြစ်ပွားမီ အခြေအနေဖြစ်သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့ ရုရှား-ယူကရိန်း တိုက်ခိုက်မှု နောက်ပိုင်းတွင် ယင်းစစ်ပွဲ၏ဂယက်ကြောင့် ကမ္ဘာ့စီးပွားရေးအပေါ် ထိခိုက်မှုများရှိလာပြီး အထူးသဖြင့် သွင်းကုန်အပေါ် မှီခိုနေရသော နိုင်ငံများ၊ ဆင်းရဲသည့်နိုင်ငံများအပေါ် ထိခိုက်မှုပိုမိုသက်ရောက်နိုင်ကြောင်း ခန့်မှန်းထားပါသည်။ ရုရှား-ယူကရိန်းစစ်ပွဲကြောင့် စားသောက်ကုန်ဈေးနှုန်းများ ၂၀ ရာခိုင်နှုန်းအထိ တက်လာနိုင်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားပါသည်။ ယင်းအခြေအနေများသည် မြန်မာနိုင်ငံအတွက် တစ်ပူပေါ် နှစ်ပူဆင့်စေသည့် ပတ်ဝန်းကျင်ဖိအားများဖြစ်ပါသည်။

ထို့အပြင် ကုလသမဂ္ဂ၏ခန့်မှန်းချက်အရ လာမည့် ၂၀၃၀ တွင် ကမ္ဘာ့အဆင်းရဲဆုံးလူများ၏ တစ်ဝက်ကျော်သည် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နေထိုင်နေသူများဖြစ်မည်ဟု ခန့်မှန်းထားသည်ကိုတွေ့ရပါသည်။ ယင်းမှာ ပဋိပက္ခဖြစ်ပွားမှုနှင့် ဆင်းရဲမွဲတေမှုမှာ တိုက်ရိုက်အချိုးကျနေသည့်သဘောဟု ဆိုရပါမည်။ သို့ဖြစ်ရာ နိုင်ငံ၏ ပဋိပက္ခများကို မလျှော့ချနိုင်သမျှ စီးပွားရေးတိုးတက်မှုအပါအဝင် တစ်ဦးချင်းစီ၏ လူမှုဘဝများအပေါ် ဆက်လက်ထိခိုက်နေဦးမည်ဟု ခန့်မှန်းနိုင်ပါသည်။ သို့ဖြစ်ရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူထု၏ နေ့စဉ်လူမှုစီးပွားဘဝများ သာမက ပညာရေး၊ ကျန်းမာရေးများ တိုးတက်စေရန် တည်ရှိဆဲပဋိပက္ခများ လျှော့ချရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမှာ မရှိမဖြစ်လိုအပ်လာပါသည်။

## ငြိမ်းချမ်းရေးတည်ဆောက်မှု

ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုသည်မှာ ပဋိပက္ခဖြစ်ပွားရသည့် အရင်းခံအကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား မတူညီမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရေးကို ပံ့ပိုးကူညီခြင်းနှင့် နောင်ဖြစ်လာနိုင်သည့် ပဋိပက္ခနှင့် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးရန် လုပ်ဆောင်ခြင်းဟု ဆိုပါသည်။ ငြိမ်းချမ်းရေး လုပ်ဆောင်ခြင်းသည် လတ်တလောပဋိပက္ခများ ပြေလည်ရေးအတွက်သာမက ပြဿနာ၏ အရင်းခံအကြောင်းတရားများကို ညှိနှိုင်းဖြေရှင်းခြင်းလည်း ဖြစ်ပါသည်။ ထိုသို့ဖြေရှင်းရာတွင်လည်း ငြိမ်းချမ်းစွာဖြင့် ညှိနှိုင်းဖြေရှင်းသည့်နည်းလမ်းကို ကျင့်သုံးခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရှေ့ဆက်ရမည့် အနာဂတ်ခရီးအတွက် အဓိကလိုအပ်နေသည်မှာ ငြိမ်းချမ်းစွာဖြင့် ညှိနှိုင်းဖြေရှင်းသည့် နည်းလမ်းဖြစ်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ခက်ခဲရှုပ်ထွေးသော လုပ်ငန်းစဉ်များဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ကာလရှည်ကြာ ပဋိပက္ခဖြစ်ပွားနေသည့် နိုင်ငံအတွက် ပိုမိုခက်ခဲနိုင်ပါသည်။ သို့သော် ငြိမ်းချမ်းရေးသည် အားလုံးအတွက် ဘုံအကျိုးစီးပွားဖြစ်သည်ကို သတိပြုကြရပါမည်။ နိုင်ငံ၏ အနာဂတ်အရေးနှင့် ဘုံအကျိုးစီးပွားဖြစ်သဖြင့် အားလုံးပါဝင် ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုပါက ကြုံတွေ့လာမည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံ သမိုင်းတစ်လျှောက် ပြည်တွင်းရေး ပဋိပက္ခဖြေရှင်းကြရာတွင် ငြိမ်းချမ်းစွာ ဖြေရှင်းသည့်နည်းလမ်းထက် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းမှု၊ လက်နက်ကိုင် ဖြေရှင်းမှုများကဲ့သို့သော နည်းလမ်းများကိုသာ ပိုမိုအားသန်အသုံးပြုခဲ့ကြပါသည်။ ပဋိပက္ခများကို စေ့စပ်ညှိနှိုင်းခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ မတူကွဲပြားမှုများကို အပြန်အလှန်နားလည် လက်ခံခြင်းကဲ့သို့သော ငြိမ်းချမ်းစွာ ဖြေရှင်းသည့် နည်းလမ်းများ၊ အယူအဆများနှင့် လုပ်ငန်းစဉ်များအပေါ် အခြေပြုမှု အားနည်းသည်ကို တွေ့ရပါသည်။ ယင်းမှာ အစဉ်အဆက် အမြစ်စွဲနေသည့် နိုင်ငံရေးဓလေ့များ၊ အစဉ်အလာများနှင့် ယဉ်ကျေးမှုများ၏ တစ်စိတ်တစ်ပိုင်း လွှမ်းမိုးမှုဟုလည်း ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ပဋိပက္ခများကို လက်နက်ကိုင်တိုက်ခိုက်သည့် နည်းလမ်းများဖြင့် အစဉ်အဆက်ဖြေရှင်းခဲ့ကြသော်လည်း ယနေ့ထက်တိုင် မပြေလည်နိုင်သေးသည်ကို ကြည့်ခြင်းအားဖြင့် ပဋိပက္ခဖြေရှင်းသည့် နည်းလမ်းများအပေါ် ပြန်လည်သုံးသပ်ကြရမည် ဖြစ်ပါသည်။ အထူးသဖြင့် လက်နက်ကိုင်တိုက်ခိုက်သည့်သံသရာမှ ရုန်းထွက်၍ ငြိမ်းချမ်းစွာဖြေရှင်းသည့် ယဉ်ကျေးမှုသို့ ကူးပြောင်းရန် စဉ်းစားချိန် တန်ပါပြီ။ ထို့အပြင် လက်နက်ကိုင်တိုက်ခိုက်ဖြေရှင်းခြင်းသည် ရှိရင်းစွဲပဋိပက္ခများကို မပြေလည်စေသည့်အပြင် ယင်း၏ အကျိုးဆက်ကြောင့် စီးပွားရေးအပေါ် ထိခိုက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများကျဆင်းခြင်း၊ လူငယ်များအတွက် အနာဂတ် ရည်မှန်းချက်များ ပျောက်ဆုံးခြင်းကဲ့သို့သော ဘေးထွက်ဆိုးကျိုးများ ဆင့်ကာဆင့်ကာ ဖြစ်ပေါ်လျက်ရှိပါသည်။

လူမှုအသိုက်အဝန်း အတွင်းတွင် ပဋိပက္ခများ၊ မတူကွဲပြားမှုများ ရှိနေခြင်းမှာ သဘာဝဖြစ်ပါသည်။ လူ့သဘောအရ ဖြစ်တတ်သည့် ယင်းပဋိပက္ခများနှင့် မတူကွဲပြားမှုများကို မည်သို့နားလည်လက်ခံ၍ ငြိမ်းချမ်းစွာ မည်သို့ဖြေရှင်းမည်ဆိုသည်က လူမှုအသိုက်အဝန်းတစ်ခုလုံး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပို၍အရေးကြီးသော စိတ်သဘောထားနှင့် ခံယူချက်ဖြစ်ပါသည်။

## အဖြစ်နိုင်ဆုံးမှစတင်

ငြိမ်းချမ်းမှု တည်ဆောက်ရေးမှာ တစ်ဦးတစ်ယောက်၊ တစ်ဖက်တည်း တည်ဆောက်ရသော လုပ်ငန်းစဉ်မဟုတ်ပါ။ နိုင်ငံအတွင်း သက်ဆိုင်သူအားလုံး ပါဝင်၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျသော ငြိမ်းချမ်းရေးရလဒ်ဆီသို့ ဦးတည်သော လုပ်ငန်းစဉ် ဖြစ်ပါသည်။ ထို့အတူ ညှိနှိုင်းဆွေးနွေးခြင်း၊ ပေါင်းစပ်အဖြေရှာခြင်းကဲ့သို့သော ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းစဉ်များဖြင့်သာ ငြိမ်းချမ်းရေးခြေလှမ်းတို့ ရှေ့ဆက်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းသည် နိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ချခြင်း ဖြစ်ပါသည်။

သတိပြုဖွယ်မှာ ငြိမ်းချမ်းရေးသည် တစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဖွဲ့တည်း၏ စံပြုအဖြေကို ရှာဖွေဖော်ထုတ်ခြင်းမဟုတ်ဘဲ အားလုံးလက်ခံသော ဘုံအကျိုးစီးပွား သူနိုင်ကိုယ်နိုင် အဖြေကို ငြိမ်းချမ်းစွာ ရှာဖွေဖော်ထုတ်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးအတွက် ကိုယ်စီကိုယ်စီက စံပြုသတ်မှတ် အခြေအနေမှ စတင်ခြင်းထက် အဖြစ်နိုင်ဆုံးနေရာမှ စတင်ခြင်းဖြင့် ငြိမ်းချမ်းရေးလမ်းစများ ပွင့်လာနိုင်ပါသည်။ ထို့အတူ အခြေအနေအခွင့်အခါကောင်းကို စောင့်နေခြင်းထက် အခြေအနေ အခွင့်အခါကောင်းများကို ကိုယ်တိုင်က ဖန်တီးခြင်းက လက်တွေ့အကျိုးရှိမည် ဖြစ်ပါသည်။

## အနာဂတ်ခရီး

နိုင်ငံ၏ ပြည်တွင်းပဋိပက္ခများ ကြာရှည်လာသည်နှင့်အမျှ နိုင်ငံအတွက် ဆိုးကျိုးများ ပိုမိုများပြားလာမည်ကို သတိပြုဆင်ခြင်ကြရပါမည်။ ထိုဆိုးကျိုးများသည် နိုင်ငံ၏အနာဂတ်ခရီးကိုလည်းကောင်း၊ ပြည်သူလူထု၏အကျိုးစီးပွားကိုလည်းကောင်း အကျိုးပြုမည်မဟုတ်ပါ။ အဆိုးသံသရာလည်ခြင်းဖြင့်သာ အခက်အခဲ အကျပ်အတည်းများအကြား ပို၍နစ်မြုပ်သွားမည် ဖြစ်ပါသည်။ ထိုသံသရာမှ လွတ်မြောက်ရန်ဆိုပါက အတူတကွ လက်တွဲဖြေရှင်းခြင်းဖြင့်သာ အကျိုးရှိသော ရလဒ်နှင့် ကောင်းမွန်သော အနာဂတ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

**ကိုးကား**

**၁။ ADB၊ ASIAN Development Outlook 2022 Mobilizing Taxes For Development၊ April 2022**

**၂။ Myanmar urban poverty rates set to triple, new United Nations survey finds၊ https:// www.undp. org/ press- releases/ myanmar-urban-poverty- rates- set- triple-new-united-nations-survey-finds**

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

(ယမန်နေ့မှအဆက်)

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** မိမိအနေဖြင့် မေးခွန်းမမေးမီ ထိုင်းနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် သံဃာတော်များနှင့်ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အကြံပြု အကူအညီပေးရန်တောင်းဆိုခြင်းအား ဦးစွာ ပြောကြားလိုကြောင်း၊ ယခုလက်ရှိ ထိုင်းနိုင်ငံတွင် စာပေသင်ကြားခြင်းအပါအဝင် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေသည့် သံဃာတော်များသည် လက်ရှိအချိန်တွင် ဘုန်းတော်ကြီးကျောင်းများတွင် တည်းခိုခွင့်မရတော့ဟုသိရကြောင်း၊ ၎င်းသံဃာတော်များအနေဖြင့် တည်းခိုခန်း၊ ဟိုတယ်များတွင် တည်းခိုသီတင်းသုံးနေရသဖြင့် ဆွမ်း၊ ကွမ်း စသည့် ပစ္စည်းလေးပါး အခက်အခဲတွေ့ကြုံနေရသည်ဟု ကြားသိရကြောင်း၊ အဆိုပါကိစ္စများကို အကူအညီပေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အကြံပြုလိုကြောင်း၊ မိမိမေးမြန်းလိုသည်မှာ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ မေးလိုကြောင်း၊ မိမိအနေဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်တွင်နေထိုင်ပြီး ဇွန် ၃ ရက် နံနက် ၆ နာရီကျော်ခန့်တွင် မိမိနေအိမ်ခြံတံခါးပိတ်ထားသော်လည်း မိမိအိမ်အတွင်းတွင်ရှိသည့် လက်ကိုင်ဖုန်းများအား ခိုးယူသွားခြင်းခံရကြောင်း၊ မိမိကိုယ်တွေ့ဖြစ်စဉ်မျိုး နေပြည်တော်ကဲ့သို့ အချို့နေရာမျိုးတွင် ရှိနိုင်သည့်အတွက် တရားဥပဒေစိုးမိုးမှုရှိရေးအပိုင်းကို ယခုလက်ရှိအခြေအနေထက် ပိုမိုထိရောက်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်းမေးမြန်းသည်။

**ပူးပေါင်းပါဝင်ကူညီကြရန် မေတ္တာရပ်ခံ**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ပစ္စည်းပျောက်သည့်ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားရန်လိုမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ လုံခြုံရေးတာဝန်များကို အဓိကဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် နေပြည်တော်တစ်ဝန်းလုံး၌ပါ အလုပ်တာဝန်များပြားကြောင်း၊ မိမိတိုက်တွန်းလိုသည်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးနှင့်ပတ်သက်လျှင် ဖိဖိစီးစီး ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ ထို့အပြင် ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် ပူးပေါင်းပါဝင်ကူညီကြရန် မေတ္တာရပ်ခံလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေးက** မိမိအနေဖြင့် အကြမ်းဖက် PDF သောင်းကျန်းနေသည့်ဒေသသို့ သွားရောက်ခဲ့သည့် အခြေအနေနှင့် ယင်းဒေသများတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို အခြေခံပြီး မေးမြန်းလိုကြောင်း၊ ချောင်းဦးမြို့နယ် ကင်ပွန်းတောင်ရွာသည် အကြမ်းဖက်လုပ်ရပ်များကို လုံးဝအားမပေးကြောင်း၊ ၎င်းတို့ကျေးရွာအနေဖြင့် ပြည်သူ့စစ်ဖွဲ့စည်းပြီး ဘေးပတ်ပတ်လည်မှ PDF များကို ခုခံကာကွယ်နေသည်ဟု သိရကြောင်း၊ ၎င်းရွာတွင် အကြမ်းဖက်အဖွဲ့များ၏သတ်ဖြတ်ခြင်းခံရသူ ၃၇ ဦးရှိပြီး ဇွန် ၁၄ ရက်နေ့တွင် မိုင်းဆွဲတိုက်ခိုက်မှုကြောင့် တစ်ဦးထပ်မံသေဆုံးခဲ့ခြင်းကြောင့် ၃၈ ဦးအထိ အသတ်ခံခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများကို တင်ပြထားခြင်းကြောင့် ရဲတပ်ဖွဲ့နှင့် တပ်မတော်သားအချို့ ရောက်ရှိနေကြောင်း၊ ရွာသူရွာသားများအဓိကလိုလားသည်မှာ ၎င်းရွာမှ ဈေးသွား၊ ဈေးဝယ်သွားလာရန်လမ်းသည် ခက်ခဲသည့်အခြေအနေရှိနေသောကြောင့် အဆိုပါလမ်းအား အမြန်ဆုံး မိုင်းရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်



NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး



Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး



97 မီဒီယာမှ သတင်းထောက်ချုပ် နန္ဒလင်း (ထားဝယ်)

ပေးရေးနှင့် အစွန်းရောက်အကြမ်းဖက်အဖွဲ့ လာရောက်ခြင်းမရှိရေးတို့အတွက် ဆောင်ရွက်ပေးရန် ရှိ၊ မရှိနှင့် ကန့်ဘလူ၊ တန့်ဆည်၊ ကျွန်းလှဘက်မှ ကျေးရွာများအနေဖြင့် ပြည်သူ့စစ်ဖွဲ့စည်းနိုင်သည့် ကျေးရွာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းရှိပြီး ပြည်သူ့စစ်မဖွဲ့စည်းနိုင်သည့် ကျေးရွာများတွင် စာသင်ကျောင်းများဖွင့်လှစ်နိုင်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ လက်ရှိပြည်သူ့စစ်ဖွဲ့စည်းထားသည့်ကျေးရွာများတွင် လက်နက်များထပ်မံ ပြည့်စုံအောင်ဖြည့်တင်းပေးစေလိုကြောင်း၊ ထိုသို့လက်နက်များ ပြည့်စုံစွာဖြင့် ခုခံကာကွယ်နိုင်ပါက PDF များ နှစ်လအတွင်း အမြစ်ပြုတ်သွားနိုင်သည်ဆိုသည့် မျှော်လင့်ချက်များ ဒေသခံများတွင်ရှိနေကြောင်း၊ ပြည်သူ့စစ်အကာအကွယ်ဖြင့် ကျောင်းဖွင့်နိုင်သည့် ကျေးရွာများတွင် ဆရာ ဆရာမ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရန်အစီအစဉ် ရှိ၊ မရှိ မေးမြန်းသည်။

**ပင်မအဖွဲ့၊ အရန် အဖွဲ့ဟူ၍ ဖွဲ့စည်းရ**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းထားသည့် ကျေးရွာများရှိကြောင်း၊ ပြည်သူ့စစ်အဖွဲ့ဖွဲ့စည်းရာတွင် ၁၉၅၉ ခုနှစ် ဥပဒေအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းရန် နယ်မြေအေးချမ်းသာယာမှုမရှိသည့် ဒေသများ၊ နယ်မြေအခက်အခဲဖြစ်သည့် ဒေသများရှိပြည်သူလူထုမှ သက်ဆိုင်ရာကို လျှောက်ထားရမည်ဖြစ်ကြောင်း၊ ယင်းသို့လျှောက်ထားမှုများအပေါ် အဆင့်ဆင့်ဆုံးဖြတ်၍ ဖွဲ့စည်းရကြောင်း၊ ပြည်သူ့စစ်ဖွဲ့စည်းသည့်နေရာတွင်လည်း လုပ်ချင်သလို လုပ်၊ ဖွဲ့ချင်သလိုဖွဲ့ ဖွဲ့စည်း၍မရကြောင်း၊ ပင်မအဖွဲ့၊ အရန်အဖွဲ့ဟူ၍ ဖွဲ့စည်းရကြောင်း၊ လက်နက်တပ်ဆင်ရာတွင်လည်း လိုအပ်သည့်လက်နက်သာ တပ်ဆင်ရကြောင်း၊ ထို့အပြင် လိုအပ်သည့်လုံခြုံရေးဆိုင်ရာ သင်ကြားမှုများဆောင်ရွက်ရကြောင်း၊ စည်းမျဉ်း၊ စည်းကမ်းများသည်လည်း လက်နက်ကိုင်တပ်ဖွဲ့များအတိုင်း လိုက်နာဆောင်ရွက်ရကြောင်း၊ ပြည်သူ့စစ်ဖွဲ့စည်းရာတွင် စနစ်တကျသင်ကြားပြီးမှ ဆောင်ရွက်ရကြောင်း၊ သင်ကြားရာတွင် သေနတ်ပစ်ခတ်တတ်ရုံသင်ကြားပေးခြင်းမဟုတ်ဘဲ ၎င်းတို့လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကိုလိုက်နာရကြောင်း၊ တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းပေးထားသည့် ပြည်သူ့စစ်အားလုံးက လိုက်နာကြရကြောင်း။

ပြည်သူ့စစ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးပြီးလျှင် ယင်းပြည်သူ့စစ်ဖွဲ့စည်းထားသည့် ကျေးရွာကို PDF များအနေဖြင့် ဝိုင်းဝန်းတိုက်ခိုက်မှုမျိုး တွေ့ရကြောင်း၊ ထို့ကြောင့် ပြည်သူ့စစ်အဖွဲ့များအတွက် လုံလောက်သော လက်နက်/ ခဲယမ်းများ ဖြည့်ဆည်းပေးရန် တောင်းဆိုမှုများရှိကြောင်း၊ ယင်းတောင်းဆိုမှုများကို စနစ်တကျ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ လုပ်ဆောင်ပေးနေမှုများရှိသော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ တစ်ဖွဲ့တည်းနှင့်လည်း လုံလောက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူ့စစ်ဖွဲ့စည်းထားသည့် ကျေးရွာများသာမက မဖွဲ့ထားသည့် ကျေးရွာများအတွက်ပါ တာဝန်ရှိကြောင်း၊ ထောက်ပံ့၊ ပံ့ပိုးမှုများ လုပ်ဆောင်နေသည်ကိုတွေ့ရကြောင်း၊ ဆောင်ရွက်ရသည့်ကိစ္စရပ်များ များပြားသည့်အတွက် လစ်ဟင်းမှုများလည်းရှိနိုင်ကြောင်း၊ မိမိပြောလိုသည်မှာ နယ်မြေဒေသအသီးသီးရှိဒေသခံ ပြည်သူများအနေဖြင့် မိမိရပ်ရွာလုံခြုံရေး၊ မိမိသားသမီးလုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းပြီး လုံခြုံရေးအရ မြန်မာနိုင်ငံအရပ်ရပ်တွင်ရှိသည့် ပြည်သူ့စစ်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များနှင့်ပတ်သက်ပြီး တပ်မတော်အနေနှင့်ရော၊ နိုင်ငံတော်အနေဖြင့်ပါ ပူးပေါင်းဆောင်ရွက်မှုများအတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိသည်ကို ပြောလိုကြောင်း။

ယင်းလိုအပ်ချက်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများကို တင်ပြပြီး နေပြည်တော်ရှိ သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများကို မိတ္တူပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့်လည်း ပေါင်းစပ်ညှိနှိုင်းပြီး အကောင်းဆုံးဆောင်ရွက်သွားမည်၊ အကောင်းဆုံး ကာကွယ်စောင့်ရှောက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မည်သည့်ဘက်မှမပါဘဲ ၎င်းတို့နယ်မြေဒေသ တည်ငြိမ်အေးချမ်းစေရန်နှင့် ကလေးများကောင်းမွန်စွာ ပညာသင်ကြားစေလိုမှုကိုလိုလားသည့် လူမှုအကျိုးဆောင်အဖွဲ့များ၊ အချို့သောဆရာတော်များလည်းရှိကြောင်း၊ ၎င်းတို့သည် တပ်မတော်ကို အားပေးထောက်ခံခြင်းမဟုတ်၊ မည်သည့်ဘက်မှ ထောက်ခံခြင်းလည်းမဟုတ်ဘဲ ၎င်းတို့နယ်မြေဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရှိရန်၊ ကလေးများကောင်းမွန်စွာပညာသင်ကြားနိုင်ရန်၊ ၎င်းတို့ ရွာသူရွာသားများကို မည်သူမျှ နှောင့်ယှက်မခံရစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသူများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ၎င်းတို့ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး မိမိအနေဖြင့် လေးစားသည်ကို ပြောလိုကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး အခက်အခဲရှိပါက သက်ဆိုင်ရာကို အချိန်မီပြောပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သတင်းစကားများကို သယ်ဆောင်လာသည့် မီဒီယာများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**97 မီဒီယာမှသတင်းထောက်ချုပ် နန္ဒလင်း (ထားဝယ်)က** ကျန်းမာရေးဝန်ကြီးဌာနနှင့် The Globel Fund အဖွဲ့တို့ ဆွေးနွေးခဲ့သည်ဟုသိရှိရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရကြောင်း၊ International Organization တစ်ခုဖြစ်သည့် The Globel Fund အဖွဲ့နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** The Globel Fund အဖွဲ့သည် မြန်မာနိုင်ငံကို ၂၀၀၀ ပြည့်နှစ်ကျော်ကတည်းကပင် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ယခုလည်း ဆွေးနွေးမှု လုပ်ငန်းဆောင်ရွက်မှုများရှိနေကြောင်း ပြန်လည်ဖြေကြားသည်။

**HIV ၊ AIDS ရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးတို့အတွက် ကူညီပံ့ပိုး**

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** အဆိုပါကိစ္စနှင့်ပတ်သက်၍ The Globel Fund နှင့် ၂၀၀၅ ခုနှစ်ကတည်းကပင် လုပ်ငန်းစတင်ခဲ့ကြောင်း၊ ယင်းအဖွဲ့သည် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းအတွက် စတင်ပံ့ပိုးပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် HIV ၊ AIDS ရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးတို့အတွက် ကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စုစုပေါင်းအမေရိကန် ဒေါ်လာ ၅၅၅ ဒသမ ၃ သန်းထောက်ပံ့ပေးခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွက်လည်း အမေရိကန်ဒေါ်လာ ၂၆၁ ဒသမ ၆ သန်းထောက်ပံ့ပေးလျက်ရှိကြောင်း၊ Globel Fund က ထောက်ပံ့ပေးသောရန်ပုံငွေအား ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်မှု၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရောဂါကြီးသုံးမျိုးဖြစ်သည့် HIV ၊ AIDS ၊ တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို ကျေးလက်ဒေသအောက်ခြေအထိ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကြီးသုံးမျိုးနှင့်ပတ်သက်၍ ရောဂါကာကွယ်ကုသရေးလုပ်ငန်းနှင့် ဆေးနှင့် ဆေးပစ္စည်းဝယ်ယူရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်ဘဏ္ဍာနှစ်မှစပြီး ရန်ပုံငွေများကိုလည်း Contribution လုပ်သည်ဟုခေါ်ကြောင်း၊ ထဲထဲဝင်ဝင်ပေးပါကြောင်း။

Globel Fund အဖွဲ့သည် မြန်မာနိုင်ငံကို ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်းများကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ သန်းခန့် ထောက်ပံ့ပေးခဲ့သည့်ပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနက ဦးစီး၍ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်းတွင်လည်း Globel Fund အဖွဲ့၏ ထောက်ပံ့မှုများမှာ ရပ်ဆိုင်းသွားခြင်းမရှိကြောင်း၊ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ HIV၊ AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ၎င်း၏ထောက်ပံ့မှုကြောင့် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ အထူးသဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးတွင် သေဆုံးမှုများ သိသိသာသာကျဆင်းခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် Globel Fund တို့၏ တွေ့ဆုံဆွေးနွေးမှုများအရ ယင်းအဖွဲ့၏ လက်ရှိထောက်ပံ့မှုအနေဖြင့် ၂၀၂၃ ခုနှစ်အထိ ဆက်လက်ရရှိမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်နောက်ပိုင်းတွင်လည်း ယင်းအဖွဲ့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

**ခြေကုပ်ယူကာ လုံခြုံရေးကို ဆောင်ရွက်ပေးစေလို**

**General Life News မှ အယ်ဒီတာ ဦးအောင်ထူးထက်က** မိမိအနေဖြင့် ပခုက္ကူခရိုင်အတွင်းရှိ တန့်ကြည်တောင်ဒေသ၏ အခြေအနေနှင့်စပ်လျဉ်း၍ မေးမြန်း

စာမျက်နှာ ၁၁ သို့ ✻

**“ပညာရေးဆိုသည်မှာ သီးသန့်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့်လည်း မဆက်စပ်သောကြောင့် တခြားနိုင်ငံများတွင်လည်း စစ်ဖြစ်နေသော်လည်း ပညာသင်ကြားခဲ့ကြောင်း၊ ယခုအချိန်တွင် စစ်ကျွန်ပညာရေးဟု စွပ်စွဲနေပြီး တစ်ဖက်အဖွဲ့အစည်းသို့ ရောက်နေသည့် ဝန်ကြီးအမည်ခံပုဂ္ဂိုလ်များနှင့် အခြားအမည်ခံပုဂ္ဂိုလ်များကို ၎င်းတို့သည် မည်သည့်ခေတ်တွင် ပညာသင်ကြားခဲ့သလဲဟု မိမိကမေးလိုကြောင်း၊ ၁၉၅၈ ခုနှစ်နောက်ပိုင်း မွေးသည့်သူများအနေဖြင့် မည်သည့်ပညာများသင်ကြား၍ မည်သည့်နေရာများက ရလာသလဲဟု မိမိကမေးလိုကြောင်း၊ ထို့ကြောင့် ၎င်းတို့ခေတ်တွင် ယင်းသို့လုပ်လာခဲ့ပြီး ကလေးများကို ကန့်သတ်နေခြင်းသည် မလုပ်သင့်ကြောင်း၊ နိုင်ငံရေးနှင့်မဆိုင်ကြောင်း၊ ကလေးများပညာရေး၊ သားသမီးများ၏ ပညာရေးဖြစ်ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့လုပ်နေခြင်းသည် တစ်နိုင်ငံလုံး ပညာမတတ်၊ စာမတတ်နှင့် ကျွန်ဖြစ်အောင် ဇာတ်သွင်းနေသည့်သူများဟု ပြောလို”**

❋ စာမျက်နှာ ၁၀ မှ

လိုကြောင်း၊ မိမိနှင့်ဒေသခံတချို့ ဖုန်းအဆက်အသွယ်ရရှိကြောင်း၊ မြေပြင်အခြေအနေအရ တန့်ကြည်တောင်သာမက မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားတွင်ဖြစ်နေကြောင်း၊ ပြည်သူလူထုအနေဖြင့် မိမိတို့ဒေသနေထိုင်ရာအရပ် အေးချမ်းတည်ငြိမ်ရန်နှင့် အဖျက်အမှောင့်လုပ်ငန်းများ ကင်းရှင်းရန်အတွက် ၎င်းတို့နှင့်ဆက်စပ်သည့် မီဒီယာများမှ တစ်ဆင့် ပြောနေသကဲ့သို့ တခြားဆက်စပ်သည့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်၍ ပြောနေသူများလည်းရှိကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက တန့်ကြည်တောင်ဘုရားသို့ ဘုရားဖူးလာရောက်သည့် ကားတစ်စီးကို တိုက်ခိုက်ခံခဲ့ရသည်ဟု မိမိကိုဖုန်းဆက်၍ပြောကြောင်း၊ ယင်းတန့်ကြည်တောင်၏အနေအထားကို ၎င်းတို့၏ ပြောကြားချက်အရ တောင်ပေါ်သို့ PDF အကြမ်းဖက်များက မကြာမကြာ လာရောက်အခြေပြုလေ့ရှိကြသည်ဟု သိရကြောင်း၊ ထိုတောင်ပေါ်မှ တိုက်ခိုက်မှုအမျိုးမျိုးလုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသခံများက တန့်ကြည်တောင်ပေါ်တွင် တပ်မတော်လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ တစိုက်မတ်မတ် အခြေပြု၍ လုံခြုံရေးဆောင်ရွက်ပေးစေလိုသည့် ဆန္ဒများရှိနေကြကြောင်း၊ လက်ရှိတန့်ကြည်တောင်ပေါ်တွင် ဘုရားဂေါပကက ခန့်ထားသည့် ဘုရားလုံခြုံရေးသာရှိပြီး အခြားတပ်မတော်၏ တပ်ရင်းတပ်ဖွဲ့ အသီးသီးမှ လုံခြုံရေးတာဝန်ပေးထားသည့် တပ်မတော်သားများမရှိသကဲ့သို့ သက်ဆိုင်ရာ နယ်မြေခံရဲတပ်ဖွဲ့စခန်းများမှ ရဲတပ်ဖွဲ့ဝင်များလည်း မရှိကြောင်း၊ ထို့ကြောင့် ဒေသခံများအနေဖြင့် တောင်ကုန်းပေါ်တွင် တပ်မတော်နှင့် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ ခြေကုပ်ယူကာ လုံခြုံရေးကို ဆောင်ရွက်ပေးစေလိုသည့်ဆန္ဒများရှိနေကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထိုဒေသ၏လုံခြုံရေးအတွက် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်၊ မည်ကဲ့သို့ တာဝန်ယူဖြေရှင်းပေးနိုင်မည်ဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုဒေသသည် အကြမ်းဖျင်းအားဖြင့် အေးချမ်းသည့်နေရာဖြစ်ကြောင်း၊ နယ်မြေခံပြည်သူလူထုအနေဖြင့်များသောအားဖြင့် ပုဂံဘက်မှ တန့်ကြည်တောင်သို့ ဘုရားဖူးလာရောက်သည့် ဘုရားဖူးလုပ်ငန်းကို လုပ်ကိုင်နေရသည့်အနေအထားရှိကြောင်း၊ ပြီးခဲ့သည့်ရက်သတ္တပတ်က ဘုရားဖူးကားကို ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ဘုရားဖူးကားမှန်းသိလျက်နှင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဘုရားဖူးခရီးသည်တစ်ဦးသေဆုံးခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဘုရားဖူးများလာရောက်ခြင်း မရှိတော့သဖြင့် ဒေသခံများ၏ စီးပွားရေးကို များစွာထိခိုက်နစ်နာခဲ့ကြောင်း၊ ထိုနေရာသည် ယင်းဒေသ၏ အမြင့်ဆုံးနှင့် အရေးကြီးသည့်နေရာလည်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် သတင်းစကားများ ပြောကြားပေးသည့်အတွက်ကြောင့်လည်း ကျေးဇူးတင်ကြောင်း၊ မိမိအနေဖြင့် သက်ဆိုင်ရာ လုံခြုံရေးအစီအမံများ ဆောင်ရွက်ခွင့်ရရှိရေးအတွက် ဆက်လက်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Top Phoenix Agency မှ အကြီးတန်းသတင်းထောက် ဦးသိန်းဝင်းဦး (ကလောင်–ရောဦးသာ)**က နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၂–၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးသည့်အတွက် ပြည်သူလူထုက ဂုဏ်ယူဝမ်းသာပီတိဖြစ်နေသည်ဟု ဦးစွာပထမ ပြောလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့ပေးသည့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းနှင့်ပြည်နယ်၊ မြို့နယ်များရှိ အချို့သော အခြေခံပညာမူလတန်းကျောင်းများတွင် လုံလုံလောက်လောက် မရရှိသေးကြောင်း၊ ထိုကဲ့သို့ လုံလုံလောက်လောက်မရရှိသည့်အပေါ်တွင် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ထားသည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ဆက်လက် ပေးပို့သွားမည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့လုပ်ဆောင်ထားသည့် မူဝါဒအပိုင်းကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ ကျန်သည့်အသေးစိတ်ကို ပညာရေးဝန်ကြီးဌာနက ရှင်းလင်းပေးမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို အခမဲ့ဖြန့်ဝေပေးကြောင်း၊ ပထမဦးဆုံးလျာထားသည်မှာ ယခင်နှစ်ကျောင်းတက်သည့်အင်အားကိုသာ လျာထားခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က ကျောင်းတက်သည့်အင်အားနှင့် တန်းစဉ်ကူးပြောင်းလာသည့် အင်အားမည်မျှရောက်လာမည်၊ မည်မျှရိုက်သင့်သည်ဆိုသည့်အပြင် ရိုက်သင့်သည်ထက် ပိုမိုရိုက်နှိပ်ထားကြောင်း၊ ယင်းသို့ ရိုက်နှိပ်သည့်အချိန်တွင် အမှန်တကယ်တက်လာသည်နှင့် စာရင်းကွာဟမှုရှိနိုင်ကြောင်း၊ နေရာပြောင်းရွှေ့ခြင်းနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး ပညာရေးဝန်ကြီးဌာနအနေဖြင့် မေတ္တာရပ်ခံထားကြောင်း၊ မိမိတို့အနေဖြင့် လက်တွေ့မြေပြင်အခြေအနေကိုလည်းသိရှိကြောင်း၊ ဥပမာ ကျောင်းတစ်ကျောင်းတွင် အပ်နှံသည့် ကျောင်းသားဦးရေ ယခုနှစ်တွင် ထိုမျှရှိသည်ဆိုလျှင် နောင်နှစ်တွင်လည်း တန်းစဉ်ကူးပြောင်းတွင် ထိုမျှသာရှိမည်ဟု ခန့်မှန်းကြောင်း၊ သို့သော် လက်တွေ့အမှန်တကယ် မြေပြင်တွင် မိဘများက ၎င်းတို့ကလေးများကို ကျောင်းပြောင်းရွှေ့အပ်နှံသည့်အတွက်ကြောင့် စာရင်းကွာခြားမှုများရှိနေကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသုံးစာအုပ်များပို့သည့်အချိန်တွင် တချို့ခရိုင်များ၌ အခက်အခဲများရှိကြောင်း၊ ရန်ကုန်ကဲ့သို့နေရာမျိုးမဟုတ်ကြောင်း၊ မိမိအနေဖြင့် ယခင်အပတ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သကဲ့သို့ မီးရှို့ဖျက်ဆီးခံရသည်များရှိကြောင်း၊ ကျောင်းသုံးစာအုပ်များကို လုယူသွားသည်များရှိကြောင်း၊ ယခုအချိန်အထိ မပို့နိုင်သေးသည့် ခရိုင်များရှိကြောင်း၊ နီးစပ်ရာခရိုင်များတွင် စုပုံထားရကြောင်း၊ စစ်ကိုင်းတိုင်းအတွင်းက တချို့ခရိုင်များသို့ မပို့ပေးနိုင်သေးကြောင်း၊ ကြိုးစားပြီးပေးပို့သော်လည်း မိမိတို့ သုံးကြိမ်ပို့လျှင် သုံးကြိမ်စလုံး မီးရှို့ခံရကြောင်း၊ ရေကြောင်းက ပို့သော်လည်း စာအုပ်များ ဖျက်ဆီးခံရကြောင်း၊ စာအုပ်များပါသွားသဖြင့် စက်လှေပိုင်ရှင်နှင့် ပို့ပေးသည့်ပိုင်ရှင်များက PDF များအား ပိုက်ဆံ ၁၀ သိန်းပေးပြီး ပြန်ရွေးခဲ့ရသည့် အဖြစ်အပျက်လည်းရှိခဲ့ကြောင်း၊ ထိုကိစ္စများသည် မြေပြင်တွင် အမှန်တကယ်ဖြစ်နေသည့် အခက်အခဲဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရိုက်နှိပ်ထားပြီးဖြစ်သည့်အတွက် ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ အခက်အခဲရှိလာလျှင် ယခုလိုပြောစေလိုကြောင်း တင်ပြလာသည့်ကိစ္စအပေါ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း၊ အသေးစိတ်ကို ပညာရေးဝန်ကြီးဌာနက ဆက်လက်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကျောင်းသားအားလုံး ပုံနှိပ်စာအုပ်ရကြမည်**

**ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မိမိတို့ အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် တက်ရောက်ကြသည့် ကလေးများအားလုံးအတွက် ပုံနှိပ်စာအုပ်အားလုံးကို ပြည့်ပြည့်စုံစုံရိုက်နှိပ်ပြီးဖြစ်ကြောင်း၊ ပိုမိုပြီးရိုက်နှိပ်ထားသည်များလည်းရှိကြောင်း၊ မြို့နယ်များတွင်ရှိသည့် ကျောင်းများသို့ ဖြန့်ဝေသည့်အချိန်တွင် ယခင်နှစ်ကရှိသည့် ကျောင်းသားအင်အားစာရင်းဖြင့် ဖြန့်ဝေထားပြီး နောက်ထပ် ၁၀ ရာခိုင်နှုန်းခန့် ထပ်ဆောင်း၍ ဝေမျှထားပြီးဖြစ်ကြောင်း၊ သို့သော် ယခင်နှစ်က ကျောင်းမတက်ခဲ့သည့်ကလေးများ၊ ထပ်မံတက်ရောက်လာသည့် ကလေးများနှင့် အခြားဒေသမှ ပြောင်းရွှေ့ရောက်ရှိလာသည့် ကလေးများကြောင့် တချို့နေရာတွင် ကျောင်းသားဦးရေ အတော်များသွားကြောင်း၊ ထို့ကြောင့် လက်ရှိဝေထားသည့် ကျောင်းသုံးစာအုပ် မလုံလောက်သည့်အတွက် ထပ်မံဖြည့်ဆည်းပေးခဲ့ကြောင်း၊ ၎င်းတို့အားလုံးရကြမည်ဖြစ်ကြောင်း၊ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ဥပမာ ရန်ကုန်တိုင်းတွင် ယခင်နှစ်က ကျောင်းတက်သည့် ကလေး ၅၈၀၀၀၀ ကျော်သာရှိကြောင်း၊ ယခုနှစ်တွင် ၆၃၀၀၀၀ ကျော်ဖြစ်လာကြောင်း၊ မိမိတို့အနေဖြင့် အမြန်ဆုံးထပ်မံဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့ကြောင့်ကျောင်းသားအားလုံး ပုံနှိပ်စာအုပ်ရကြမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Top Phoenix Agency မှ အကြီးတန်းသတင်းထောက်ဦးသိန်းဝင်းဦး (ကလောင်–ရောဦးသာ)**က မိမိအနေဖြင့် ဆက်စပ်မေးခွန်းတစ်ခု ထပ်မံမေးမြန်းလိုကြောင်း၊ ကျောင်းသားများအနေဖြင့် ယခင်နှစ်ကထက် နှစ်ဆခန့်ပိုမိုများပြားလာကြောင်း၊ ယခင်ပညာရေးစနစ်တွင် အခြေခံပညာမူလတန်းတွင် စတုတ္ထတန်းအထိရှိကြောင်း၊ ယခုပညာရေးစနစ်တွင် G-5 ဟုပေါ်လာကြောင်း၊ ထို့ကြောင့် ကလေးများစာသင်ရန် ကျောင်းဆောင်အခက်အခဲများနှင့် ပညာရေးဝန်ထမ်း ဆရာ ဆရာမ အခက်အခဲရှိနေခြင်းများ ဖြစ်ပေါ်နေကြောင်း၊ ထိုအခြေအနေအပေါ် နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ကြိုးစားဖြေရှင်းဆောင်ရွက်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုပညာရေးစနစ်ကို ရေးဆွဲသည့်အချိန်တွင် မည်သည့်နှစ်တွင် မည်သည့်အတန်းများကို သင်မည်၊ မည်သည့်နှစ်တွင် မည်သည့် အတန်းများကို စနစ်ဟောင်း မသင်တော့ဘူးဟု သွားနေခြင်းရှိကြောင်း၊ ယင်းသို့သွားနေခြင်းကြောင့် ပြဿနာတစ်ခုမှာ ကျောင်းမနေခဲ့သူများကို Schedule အတိုင်း သွား၍မရကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်ပြီးစဉ်းစားပေးရကြောင်း၊ ထို့ကြောင့် စနစ်ဟောင်းနှင့်စနစ်သစ်ကို အတူဖွင့်ပေးလိုက်သည့်အချိန်တွင် အခန်းကျပ်သည့်ပြဿနာများ၊ ဆရာဆရာမ မလုံလောက်သည့် ပြဿနာများ၊ နှစ်တန်းသင်ရသည့် ပြဿနာများဖြစ်ပေါ်လာကြောင်း၊ ထိုကိစ္စကို ပညာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ယခင်နှစ်က အတားအဆီး အနှောင့်အယှက်များ ရှိခဲ့သည့်အတွက်ကြောင့် မလုပ်ပေးလျှင် ကလေးများ၏ပညာရေး ပိုမိုဆုံးရှုံးသွားမည်ဖြစ်သောကြောင့် မိမိတို့အနေဖြင့် ရှိသည့် ဆရာ ဆရာမအင်အား၊ ရှိသည့်အခန်းအင်အားနှင့်ပင် သင်ကြားရခြင်းဖြစ်ကြောင်း၊ တချို့နေရာများတွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ နှောင့်ယှက်မှု၊ ဟန့်တားမှု၊ အကြမ်းဖက်မှုများကြောင့် ကျောင်းပြောင်းရွှေ့လာသည့်ကလေးများရှိကြောင်း၊ ယင်းသို့ ကျောင်းပြောင်း၍ အေးချမ်းသည့်နေရာတွင် ပညာသင်ကြားနိုင်သည့် ကလေးများရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ထိုကိစ္စများနှင့်ပတ်သက်ပြီး စာသင်ခန်းမလုံလောက်မှုများ၊ ဆရာ ဆရာမအင်အား မလုံလောက်မှုများကို ကြိုးစားဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ တချို့နေရာများတွင် သည်းခံပေးရန်ပြောလိုကြောင်း၊ မိမိတို့အနေဖြင့် အားလုံးအကျိုးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့သော ဖြစ်စဉ်မျိုးများမဖြစ်စေရန် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပညာရေးဆိုသည်မှာ သီးသန့်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့်လည်း မဆက်စပ်သောကြောင့် တခြားနိုင်ငံများတွင်လည်း စစ်ဖြစ်နေသော်လည်း ပညာသင်ကြားခဲ့ကြောင်း၊ ယခုအချိန်တွင် စစ်ကျွန်ပညာရေးဟု စွပ်စွဲနေပြီး တစ်ဖက်အဖွဲ့အစည်းသို့ ရောက်နေသည့် ဝန်ကြီးအမည်ခံပုဂ္ဂိုလ်များနှင့် အခြားအမည်ခံပုဂ္ဂိုလ်များကို ၎င်းတို့သည် မည်သည့်ခေတ်တွင် ပညာသင်ကြားခဲ့သလဲဟု မိမိကမေးလိုကြောင်း၊ ၎င်းတို့က မည်သည့်အချိန်တွင်မွေး၍ မည်သည့်ခေတ်တွင် ပညာသင်ကြားခဲ့တာလဲဟု မေးလိုကြောင်း၊ ၎င်းတို့သည် သီပေါမင်းပါတော်မူသည့်နှစ်တွင်မွေးပြီး သီပေါမင်းပါတော်မူသည့် အင်္ဂလိပ်ခေတ်တွင် ပညာသင်ကြားခဲ့သူများလားဟု မေးလိုကြောင်း၊ များသောအားဖြင့် ၁၉၄၈ ခုနှစ်နောက်ပိုင်းမွေးသည့်သူများသာဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ကာလဖြစ်ကြောင်း၊ ၁၉၅၈ ခုနှစ်နောက်ပိုင်းတွင် ၎င်းတို့ပြောသည့်ခေတ်ဖြစ်ကြောင်း၊ အိမ်စောင့်အစိုးရတာဝန်ယူကြောင်း၊ ထို့နောက် တော်လှန်ရေးကောင်စီက တာဝန်ယူကြောင်း၊ ၁၉၅၈ ခုနှစ်နောက်ပိုင်းမွေးသည့်သူများအနေဖြင့် မည်သည့်ပညာများသင်ကြား၍ မည်သည့်နေရာများက ရလာသလဲဟု မိမိကမေးလိုကြောင်း၊ ထို့ကြောင့် ၎င်းတို့ခေတ်တွင် ယင်းသို့လုပ်လာခဲ့ပြီး ကလေးများကို ကန့်သတ်နေခြင်းသည် မလုပ်သင့်ကြောင်း၊ နိုင်ငံရေးနှင့်မဆိုင်ကြောင်း၊ ကလေးများပညာရေး၊ သားသမီးများ၏ ပညာရေးဖြစ်ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့လုပ်နေခြင်းသည် တစ်နိုင်ငံလုံး ပညာမတတ်၊ စာမတတ်နှင့် ကျွန်ဖြစ်အောင် ဇာတ်သွင်းနေသည့်သူများဟု ပြောလိုကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖြည့်စွက်ဆွေးနွေးစရာရှိက ဆွေးနွေးပေးရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

**ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး**က ယခုနောက်ပိုင်းတွင် အတန်းများလာမည်ဖြစ်သောကြောင့် လိုအပ်သည့် ကျောင်းဆောင်နှင့် ဆရာဆရာမများ ဖြည့်ဆည်းရန် စီစဉ်ထားပြီးဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၇ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၃၂,၀၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၅၂၁) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၁၅) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၄၂) ခု | (၁၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၅၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၀၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၀၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၀၅၇) ခု | (၃)ဦး |
| စုစုပေါင်း | (၄,၇၆၄) ခု | (၁၃)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/ သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၈၂၄၄၈၇၀ | ၈၄၀၄၀၄၇၇ | ၁၀၃၈၉၀၀ |
| ၂။ | အိန္ဒိယ | ၄၃၃၃၄၆၅၇ | ၄၂၇၂၅၀၅၅ | ၅၂၄၉၀၃ |
| ၃။ | ဘရာဇီး | ၃၁၈၂၄၂၂၀ | ၃၀၄၉၂၁၇၆ | ၆၆၉၄၃၆ |
| ၄။ | ပြင်သစ် | ၃၀၂၇၆၆၃၂ | ၂၉၃၉၆၂၃၅ | ၁၄၉၁၆၂ |
| ၅။ | ဂျာမနီ | ၂၇၃၃၄၄၆၃ | ၂၆၃၀၆၇၀၀ | ၁၄၀၃၅၇ |
| ၆။ | ဗြိတိန် | ၂၂၅၂၅၃၅၈ | ၂၂၀၉၅၀၅၂ | ၁၇၉၇၀၆ |
| ၇။ | ရုရှား | ၁၈၄၀၆၄၈၅ | ၁၇၈၃၂၆၀၄ | ၃၈၀၆၄၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၉၈၃၄၁ | ၁၈၁၂၉၃၈၈ | ၂၄၄၇၄ |
| ၉။ | အီတလီ | ၁၇၉၅၉၃၂၉ | ၁၇၁၉၁၅၅၇ | ၁၆၇၈၄၂ |
| ၁၀။ | တူရကီ | ၁၅၀၈၅၇၄၂ | ၁၄၉၈၆၃၄၀ | ၉၈၉၉၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၈၉၀၉ | ၉၆၁၇၁၈၀ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၇၂၉၁၈ | ၅၉၀၄၈၂၅ | ၁၅၆၇၀၂ |
| ၃။ | မလေးရှား | ၄၅၄၄၆၂၆ | ၄၄၈၂၇၃၄ | ၃၅၇၃၇ |
| ၄။ | ထိုင်း | ၄၅၀၄၉၂၉ | ၄၄၅၃၂၅၂ | ၃၀၅၂၈ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၇၇၉၃ | ၃၆၃၂၁၉၆ | ၆၀၄၈၄ |
| ၆။ | စင်ကာပူ | ၁၃၇၈၀၉၀ | ၁၂၉၂၃၃၂ | ၁၄၀၅ |
| ၇။ | မြန်မာ | ၆၁၃၅၂၁ | ၅၉၂၅၁၅ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၂၁၄ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၈၅၂၄ | ၁၅၃၈၈၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Covid Test Kit ၃၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

■

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဇွန် ၂၂

ပြည်ထဲရေး ဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ လေသာကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ဗောဓိမဏ္ဍိုင် ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ လေသာ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး မဟာဗောဓိတပ်ဦး ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်ရှိ ဓမ္မလင်္ကာရ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ ဒေးစွန်ပါကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အာဖဂန်နစ္စတန်နိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်ခတ်၊ လူ ၁၀၀၀ နီးပါးသေဆုံး



ကဘူးလ် ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူ ၁၀၀၀ နီးပါးသေဆုံးခဲ့ပြီး ၆၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ အဆိုပါငလျင်သည် ယနေ့နံနက်အစောပိုင်းတွင် နိုင်ငံ၏ အရှေ့ပိုင်းသို့ ဦးတည်လှုပ်ခတ်ခဲ့ကြောင်းနှင့် ငလျင်ဗဟိုချက်သည် အနက် ၁၀ ကီလိုမီတာရှိကြောင်း အမေရိကန် ဘူမိဗေဒစစ်တမ်းတစ်ရပ်အရ သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံ အရှေ့ပိုင်းတောင်တန်းဒေသရှိ လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသခံအများအပြား အပျက်အစီးများအောက်တွင် ပိတ်မိနေကြောင်း သိရသည်။

ပတ်တီကာခရိုင်ရှိ ဂါရန်မြို့နှင့် ခို့စ်ခရိုင်ရှိ ဆာပါရီမြို့တို့သည် ငလျင်လှုပ်ခတ်မှု၏ဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရသည်။

သဘာဝဘေးအန္တရာယ်နှင့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့က ငလျင်လှုပ်ခတ်မှုတွင် အသက်ဆုံးရှုံးသွားသူများ၏ မိသားစုတစ်စုစီအား အမေရိကန်ဒေါ်လာ ၁၁၂၄ ဒေါ်လာ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးစီအား အမေရိကန်ဒေါ်လာ ၅၅၈ ဒေါ်လာခန့် ပေးသွားမည်ဖြစ်သည်။

ငလျင် ဘေးသင့်နေရာများသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှုရေးရာ ဝန်ကြီးဌာနက ပြောကြားသည်။

ယခုငလျင်လှုပ်ခတ်မှုသည် တာလီဘန်အဖွဲ့က နိုင်ငံတော်၏အချုပ်အခြာအာဏာကို သိမ်းပိုက်ပြီးနောက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပြတ်တောက်လျက်ရှိသည့် လွန်ခဲ့သော နှစ်မှစပြီး ပထမဆုံးအကြိမ်ဖြစ်သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

■

# အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ Pfizer က ဂျပန်ကလေးငယ်များ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရေးအတွက် ခွင့်ပြုချက် လျှောက်ထား

ဝါရှင်တန် ဇွန် ၂၂

အမေရိကန် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ Pfizer က ဂျပန်နိုင်ငံရှိ အသက်ငါးနှစ်မှ ၁၁ နှစ်အထိ ကလေးငယ်များအား ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံရာတွင် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အသုံးပြုရန် ဂျပန်အစိုးရထံ ခွင့်ပြုချက်လျှောက်ထားကြောင်း သိရသည်။

ယခုနှစ်မတ်လမှစပြီး ဂျပန်နိုင်ငံရှိ အဆိုပါ အသက်အရွယ်အုပ်စုကလေးငယ်များသည် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံမှုခံယူလျက်ရှိသည်။ လက်ရှိတွင် ကလေးငယ် ၁၆ ဒသမ ၂ ရာခိုင်နှုန်းသည် အဆိုပါကာကွယ်ဆေးကို နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။




Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရေးကုမ္ပဏီက ဂျပန်ကလေးငယ်များအား ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရာတွင် အဆိုပါကာကွယ်ဆေးအား အသုံးပြုရန် သုံးစွဲခွင့် ယနေ့တွင် လျှောက်ထားခြင်းဖြစ်သည်။

ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်းသည် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုအား ထိရောက်စွာ ကာကွယ်ပေးကြောင်း Pfizer ဆေးဝါးကုမ္ပဏီက အခိုင်အမာပြောကြားသည်။

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ရောဂါကာကွယ်ခုခံနိုင်စွမ်းနှင့် အစွမ်းထက်မှုတို့အပေါ် လာမည့်လအစောပိုင်းတွင် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# မလေးရှားနိုင်ငံက လာအိုနိုင်ငံသို့ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လှူဒါန်း

ဗီယင်ကျန်း ဇွန် ၂၂

မလေးရှားနိုင်ငံက လာအိုနိုင်ငံသို့ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ငါးသိန်းကို လှူဒါန်းခဲ့ရာ ယနေ့တွင် လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ဗီယင်ကျန်းတိုင်းမ်နေ့စဉ် သတင်းစာက သတင်းဖော်ပြခဲ့သည်။

## ပထမအကြိမ်လှူဒါန်း

မလေးရှားနိုင်ငံက ပထမအကြိမ်လှူဒါန်းခဲ့သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၈၃၄၀၀ သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက လာအိုနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မလေးရှားနိုင်ငံ၏ အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများလှူဒါန်းမှုသည် ယခုနှစ်ကုန်ပိုင်းတွင် အရွယ်ရောက်ပြီး လူဦးရေ၏ ၈၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပြီးစီးရန်မျှော်မှန်းထားသည့် လာအိုနိုင်ငံ၏ ရည်မှန်းချက်ပြည့်မီကြောင်း ဗီယင်ကျန်းတိုင်းမ်နေ့စဉ်သတင်းစာက ဖော်ပြထားသည်။

ယခုနောက်ဆုံးရောက်ရှိလာခဲ့သည့် မလေးရှားနိုင်ငံမှ လှူဒါန်းသော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား အသက်အရွယ်အပိုင်းအခြားမရှိ ထိုးနှံပေးမည်ဖြစ်ကြောင်းလည်း သိရသည်။ လက်ရှိတွင် လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း နှစ်သိန်းကျော်ရှိပြီး သေဆုံးသူ ၇၅၇ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# အမေရိကန်နိုင်ငံ၌ ကလေး ၁၃ ဒသမ ၆ သန်းကျော် ကိုဗစ် - ၁၉ ရောဂါကူးစက်ခံရ

လော့စ်အိန်ဂျလိစ် ဇွန် ၂၂

အမေရိကန်နိုင်ငံ၌ လက်ရှိအချိန်တွင် ကလေး ၁၃ ဒသမ ၆ သန်းကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည်ကို တွေ့ရှိရကြောင်း အမေရိကန် ကလေးအထူးကုနှင့် ကလေးဆေးရုံများအသင်း၏ မှတ်တမ်းများအရ သိရသည်။

ဇွန် ၁၆ ရက်အထိ ကာလအတွင်း ကလေး ၈၃၀၀၀ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး ၎င်းပမာဏသည် ပြီးခဲ့သည့်နှစ်ဇွန်လအတွင်းက ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့်အရေအတွက်ထက် များပြားကြောင်း သိရသည်။

ပြီးခဲ့သည့်တစ်လအတွင်း ကလေး ၃၇၁၀၀၀ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း သိရသည်။ ယခုနှစ်အတွင်း ကလေးငယ် ၅ ဒသမ ၇ သန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ယင်းမှတ်တမ်းအရ သိရသည်။ ကလေးများတွင် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရပါက ရောဂါမည်မျှပြင်းထန်ကြောင်းနှင့် ရေရှည်အကျိုးသက်ရောက်မှုများ မည်ကဲ့သို့ရှိကြောင်း သိရှိနိုင်ရန် အချက်အလက်များ ကောက်ယူရမည်ဖြစ်ကြောင်း ကလေးအထူးကုနှင့်ကလေးဆေးရုံများအသင်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၂၄၉ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဇွန် ၂၂

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၂၄၉ ဦးထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၃၃၁၆၄၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၃ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၄၉၀၃ ဦး ရှိလာကြောင်းနှင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မှစတင်ကာ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည်လည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။



လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၈၁၆၈၇ ဦး ရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၈၆၂ ဦး ထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၇၂၅၀၅၅ ဦး ရှိလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ထိုင်ခုံတွင်ကြာမြင့်စွာထိုင်ခြင်းဖြင့် သေဆုံးမှုနှင့်နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှု မြင့်တက်လာနိုင်ဟု သုတေသီများ ပြောကြား

ပေကျင်း ဇွန် ၂၂

ထိုင်ခုံတွင် နာရီပေါင်းများစွာကြာမြင့်အောင် ထိုင်နေခြင်းကြောင့် သေဆုံးနိုင်ခြေနှင့် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားနိုင်ခြေများပြားကြောင်း သုတေသနပြုချက်များအရ သိရသည်။

ဝင်ငွေနည်းပါးသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်အဆင့်ရှိသည့် နိုင်ငံများတွင် နေထိုင်သူများသည် ထိုင်ခုံတွင်ထိုင်၍ အလုပ်လုပ်ချိန်များပြားကြောင်း အမေရိကန် နှလုံးရောဂါဆိုင်ရာအသင်းဂျာနယ်တွင် တွေ့ရှိချက်များအရ သိရသည်။ ယခုကဲ့သို့ ထိုင်ခုံတွင် ကြာမြင့်စွာထိုင်ခြင်းဖြင့် သေဆုံးမှု၊ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှုဆိုင်ရာ တွေ့ရှိချက်အား နိုင်ငံပေါင်းရှိ ၂၁ နိုင်ငံရှိ အသက် ၃၅ နှစ်မှ ၇၀ အတွင်းရှိ လူတစ်သိန်းအား လေ့လာမှုပြုလုပ်ခဲ့ပြီးနောက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုင်ခုံတွင် ခြောက်နာရီမှ ရှစ်နာရီ အထိ ထိုင်သူများ သည် နှလုံးသွေးကြောကျဉ်းရောဂါဖြင့် သေဆုံးနိုင်ခြေ ၁၂ မှ ၁၃ ရာခိုင်နှုန်းအထိရှိကြောင်းနှင့် ထိုင်ခုံတွင် ရှစ်နာရီထက် ပိုမိုထိုင်သူများသည် နှလုံးသွေးကြောကျဉ်းရောဂါဖြင့် သေဆုံးမှုဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။ ထိုင်ခုံတွင် အချိန်ကြာမြင့်စွာ ထိုင်သူများအနေဖြင့် ကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်ရမည်ဟု သုတေသနပြုချက်များအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

■

## "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဇွန် ၂၂

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဓာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈) ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေး အဆုံးအမများစွာ ပါဝင်သည့် ပဏ္ဍိတာနဉ္စသေဝနာ (ပညာရှိသူတော်ကောင်းတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း) နှင့် ဓမ္မစရိယာစ (မြတ်သော သုစရိုက်အကျင့်ကို ကျင့်ခြင်း) အစီအစဉ် နှစ်ခုကို ဇွန် ၂၅ ရက် စနေနေ့ည ၉ နာရီခန့်တွင် ဆက်လက်ပြသမည် ဖြစ်သည်။

ယင်းတင်ဆက်မှုကို နန်းတော်ရှေ့ဆရာတင်၏မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်စူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နန်းဝင်း (ရွှေနန်းသဘင်)၊ တင်မောင်ဆန်းမင်းဝင်းနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည် ဖြစ်သည်။

ထို့ပြင် ဇွန်၂၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပဏ္ဍိတာနဉ္စသေဝနာ (ပညာရှိသူတော်ကောင်းတို့ကိုပေါင်းသင်းဆည်းကပ်ခြင်း) နှင့် ဇွန် ၃၀ ရက် (ကြာသပတေးနေ့)တွင် ဓမ္မစရိယာစ (မြတ်သော သုစရိုက်အကျင့်ကို ကျင့်ခြင်း) တို့ကို ညနေ ၆ နာရီ သတင်းအပြီး၌ တစ်ပိုင်းစီခွဲခြား၍ ပြန်လည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လွှတ်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဇွန် ၂၂

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၇၁) ကို ဇွန် ၂၄ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက် ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေခွေးနှင့် သဉ္ဇာမြင့်မိုရ်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လွှတ်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန် ၂၄၊ ၂၅ နှင့် ၂၆ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HDမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## "မြန်မာနိုင်ငံ ဂီတနေ့" ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇွန် ၂၂

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ ဇွန် ၂၇ ရက်တွင် ကျရောက်မည့် "မြန်မာနိုင်ငံ ဂီတနေ့" ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Friday Night Live Show အဖြစ် တင်ဆက်မည့် "တေးဂီတ ဖျော်ဖြေပွဲ" ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV–HD Channel မှ ဇွန် ၂၄ သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည် ဖြစ်သည်။

### တေးသံရှင်များ

ယင်းအစီအစဉ်တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) တေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ဂျော်နီ၊ ချာန်၊ ဇော်ထွေးလတ်၊ ချာန်ထူး၊ မင်းသားလေး၊ ရွှေယမင်းဦး၊ အိအိချွန်၊ သီတာသိမ့်၊ ဇင်သူဇာထွန်း၊ ဇင်သူသူထွန်း၊ ချိုမီမီဇော်၊ ရေဂျီနားနှင့် သွန်းနေနေတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

အဆိုပါ တင်ဆက်မှုကို ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက် နံနက် ၆ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၅) မြို့ရှောင်လမ်းရှိ နီးဘုရားကြီးရှေ့တွင် Dong Feng အမျိုးအစားဆီဘောက်ဆာမော်တော်ယာဉ် ရပ်တန့်ထားသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်မောင်းကို မတွေ့ရှိဘဲ ယာဉ်အတွင်းမှ ငွေကျပ် ၁ ဒသမ ၄၃၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၂၈ ဒသမ ၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်းတို့ကိုလည်းကောင်း၊

ဇွန် ၂၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၅) ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းတွင် မြင့်သိန်း(ခ) ဂနေ့(ခ) သားကြီး မောင်းနှင်ပြီး အေးလှိုင်(ခ) စိုးဝင်း လိုက်ပါလာသည့် Toyota Corolla Fielder အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၄၂)ရပ်ကွက် ပီမိုးနင်း(၃)လမ်း အမှတ်(၆၁၁/ခ)ရှိ မြင့်သိန်း(ခ) ဂနေ့(ခ) သားကြီး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၇၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တွင် ရွှာငံမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စု တောင်ခေါင်းပွား ကျေးရွာအနီး ရွှာငံ–ဟန်မြင့်မိုရ်သွားကားလမ်းတွင် ကျော်လင်းထွန်း မောင်းနှင်လာသည့် Hyundai Starex အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁၇၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

## ကြံခင်းမြို့၌ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ကြံခင်း ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကြံခင်းမြို့ ရောဦးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က မိတ်ဆက်အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဒေါ်လင်းလင်းထိုက်က မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာ အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မေးမြန်းရာ တိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုထက်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ်တန် ၁၉၀ ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၃၄ ဒသမ ၉၈၈၆ တန်၊ သစ်မာ ၂၃ ဒသမ ၀၅၄၄ တန်၊ အခြား ၄၁ ဒသမ ၂၉၅၈ တန် စုစုပေါင်း ၁၉၉ ဒသမ ၃၃၈၈ တန်၊ တရားခံ ၂၈ ဦး၊ ယာဉ်/ ယန္တရား ကိုးစီး သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

■

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး"ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေး နောက်ကျကျန်မှုမဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ် ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ NUG နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များက အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ စာသင်ကျောင်း ခြောက်ကျောင်းအား ခြိမ်းခြောက်စာများ ပေးပို့ခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ် (၆) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁)ရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းများသို့ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး "တားမြစ်သတိပေးချက်" ခေါင်းစဉ်ဖြင့် ခြိမ်းခြောက်စာများကို ထမင်းစားကျောင်းဆင်းချိန်တွင် ကျောင်းပြင်ပနေအိမ်သို့ ထမင်းပြန်စားသော ကျောင်းသားများမှတစ်ဆင့် ကျောင်းအုပ်ကြီးများထံသို့ ပေးပို့ဖြန့်ဝေခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ခြိမ်းခြောက်စာပေးပို့သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးအတွင်း လက်လုပ်မိုင်းနှစ်လုံး တွေ့ရှိမှု။

ထို့ပြင် ဇွန် ၂၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဘိုကုန်းရပ်ကွက် မော်လမြိုင်မြို့နယ် ပညာရေးမှူးရုံးဝင်းရှိ အားကစားခန်းမအုတ်နံရံအနီး ပန်းပင်များအတွင်း၌ လက်လုပ်မိုင်း နှစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာရှိ ပန်းပင်များအတွင်း အပြာရောင်ကွန်ကျူးပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းနှစ်လုံး တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်းမပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**✰ မကွေးတိုင်းဒေသကြီးမှ**

ထိုသို့ ပြုလုပ်လျက်ရှိရာ ဇွန် ၂၁ ရက် နံနက် ၈ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြောက်ကုန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံး တစ်လုံးဖြင့် ချိတ်ဆွဲပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဆေးရုံဝင်းအတွင်းရှိ ပြင်ပလူနာဆောင်ရှေ့ ပေ ၂၀ ခန့်အကွာသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ပြည်သူလူထုကို ဆေးကုသမှုဆောင်ရွက်ပေးနေသည့် ခရိုင်ပြည်သူ့ဆေးရုံကြီးအား လက်လုပ်ဗုံးပစ်ချတိုက်ခိုက်ခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်း ပေးအပ်

**နေပြည်တော် ဇွန် ၂၂**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ ကလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ကလေးမြို့မှ PDF အဖွဲ့ဝင် အမျိုးသမီးလေးဦးကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။



PDF အဖွဲ့ဝင်များအား မိဘများထံ လွှဲပြောင်းပေးအပ်။

PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားရှိရာ PDF အဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၂၄ ဦး၊ မကွေးတိုင်းဒေသကြီးအတွင်းမှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ခြောက်ဦး စုစုပေါင်း ၇၀ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၅ | ၂၇၇၅ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၃၄၅ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၃၄၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၈၅ | ၂၃၈၅ | ၂၆၀၅ | ၂၈၇၅ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၆၇၅ | ၂၆၈၀ | ၂၆၈၀ | ၂၉၀၀ | ၂၉၆၅ |
| HSD (50 ppm) | ၂၆၂၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၀ | ၂၇၆၅ | ၂၆၆၀ | ၂၆၇၅ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၂၅ | ၂၉၉၅ |
| HSD (10 ppm) | ၂၆၂၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၀ | ၂၇၆၅ | ၂၆၆၀ | ၂၆၇၅ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၂၅ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၉၆ | ၂၁၇၁ |
| 95 Ron | ၂၁၉၄ | ၂၂၇၁ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၅၉ |
| HSD (50 ppm) | ၂၅၀၈ | ၂၅၈၇ |
| HSD (10 ppm) | ၂၅၀၈ | ၂၅၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဖေယျာချောင်ရပ်ကွက်နေ နွေးနွေးအောင်(ခ)မနွေးသည် ၎င်းအသုံးပြုသည့် “Nway Nway” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာနေ ရဲမင်းနှင့် မျိုးထွန်းသည် ၎င်းတို့အသုံးပြုသည့် “Ye Min” Facebook အကောင့်၊ “Myo Htun” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရွှေကုန်း ရပ်ကွက်နေ သက်စုမွန်သည် ၎င်းအသုံးပြုသည့် “Thet Su” Facebook အကောင့်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ကျောင်းစုကျေးရွာနေ စုစုမြင့်ဦး(ခ)အိစုသည် ၎င်းအသုံးပြုသည့် “EI SU” Facebook အကောင့်၊ ချင်းပြည်နယ် မတူပီမြို့နယ် စန်ဘောင်ရပ်ကွက်နေ ဘိုင်ကစ်လျန်သည် ၎င်းအသုံးပြုသည့် “Bhine Kait Lyan” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နေသူများဖြစ်သည့် ဇော်လတ်၊ ချမ်းမြေ့ဝင်း(ခ)ကိုချမ်း၊ ခြူးဝင့်နွယ်၊ သန့်ဇင်(ခ)လားအို၊ မသီးပို၊ တင်ထွန်း၊ ကလျာဝင်း၊ ဇေယျာဝင်း၊ လှိုင်ထွေးနှင့် စန်းစန်းငွေ(ခ)မီးငယ်တို့သည် ၎င်းတို့အသုံးပြုသည့် “Zaw Latt” Facebook အကောင့်၊ “Ko Chann” Facebook အကောင့်၊ “Chue Wint Nwe” Facebook အကောင့်၊ “Thant Zin” Facebook အကောင့်၊ “Thee Po” Facebook အကောင့်၊ “Tin Htun” Facebook အကောင့်၊ “Klayar Win” Facebook အကောင့်၊ “Zayar Win” Facebook အကောင့်၊ “Hlaing Htwe” Facebook အကောင့်နှင့် “Mee Nge” Facebook အကောင့်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက်နေ ရဲကိုထူးသည် ၎င်းအသုံးပြုသည့် “Ye Ko Htoo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၂)
ထုတ်ဝေဖြန့်ချိ




➡ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က နှစ်စဉ် ပြုစုထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကို စတင် ဖြန့်ချိလိုက်ပြီဖြစ်သည်။

➡ ယခုထုတ်ဝေဖြန့်ချိသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ၂၀၂၁ခုနှစ်အတွင်း ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ထူးခြားထင်ရှားသည့်အကြောင်းအရာများကို စွယ်စုံနှစ်ချုပ်၏ မူအတိုင်း အပိုင်း (၃) ပိုင်းခွဲခြားကာ စီစဉ်တင်ပြထားသည်။

➡ အပိုင်း (၁)တွင် ကမ္ဘာနှင့် မြန်မာနိုင်ငံအတွင်းထင်ရှားသည့်အကြောင်းအရာများကို ရက်စွဲမှတ်တမ်းအဖြစ် ပြုစုဖော်ပြထားသည်။ အပိုင်း (၂) တွင် ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါ၊ ကောင်းဆိုးနှစ်ဖြာ နျူကလီးယားနည်းပညာ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော် ဦးသေဋ္ဌိလ၊ ၂၀၂၁ ခုနှစ် ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့စီးပွားရေးအခြေအနေများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၇၅ နှစ်မြောက်စိန်ရတု၊ လူသားတို့ကို ရောဂါကြီးငယ် ဖြစ်စေခဲ့ကြသည့်ဗိုင်းရပ်စ်များ... စသည့်ဆောင်းပါးများအပါအဝင် အထူးဆောင်းပါး ကိုးပုဒ်ကို ဖော်ပြထားသည်။

➡ အပိုင်း (၃) တွင် ပြည်တွင်းပြည်ပမှ ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ၊ ပေတီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အစ္စရေးနိုင်ငံ အစရှိသည့် ကမ္ဘာ့နိုင်ငံများ၊ စာပေဆုများ၊ အော်စကာဆု၊ နိုဘယ်ဆု၊ ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်အစီရင်ခံစာ စသည့် မှတ်တမ်းဆောင်းပါးများအပါအဝင် ၂၀၂၁ ခုနှစ်အတွင်း မှတ်တမ်းပြုဖော်ပြအပ်သည့် အကြောင်းအရာများ၊ ထူးခြားထင်ရှားဖြစ်ရပ်များကို စွယ်စုံနှစ်ချုပ်၏ အစဉ်အလာအတိုင်း ကတ်ထူပုံ၊ ခန့်ချုပ်၊ Art Paper မှတ်တမ်းဓာတ်ပုံများအပါအဝင် စာမျက်နှာ ၂၈၉ မျက်နှာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်ပါသည်။

၈၅၀၀ိ/-

ဝယ်ယူရရှိနိုင်သည့်နေရာများ

စာပေဗိမာန် စာအုပ်ဆိုင်များ
နေပြည်တော် ➡ အမှတ် (တ - ၅၅)၊ သပြေကုန်းဈေး (၀၆၇ - ၃၄၁၄၆၈၁)။
ရန်ကုန် ➡ ၅၂၉ - ၅၃၁၊ ကုန်သည်လမ်း (၀၁ - ၈၃၈၁၄၄၈၊ ၇၂၄၉၀၃၁)။
မန္တလေး ➡ ၈၆ လမ်း၊ ၂၁ × ၂၂ လမ်းကြား (၀၂ - ၄၀၃၀၁၈၆)။
ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်ကြီးများထံတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။


*** အာဆင်နယ်အသင်းမှ**

ကွင်းလယ်ကစားသမား ဖေဘီယိုဗီယဲရာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပေါ်တိုအသင်းနဲ့အတူ ၂၇ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၄ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အမေရိကန်ဂိုးသမား မက်တာနာနဲ့ ဘရာဇီးတိုက်စစ်မှူး မာကွင်ဟိုတို့ကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ပြီးဖြစ်တာကြောင့် ဖေဘီယိုဗီယဲရာဟာ ယခုအပြောင်းအရွှေ့အတွင်း အာဆင်နယ်အသင်းကခေါ်ယူခဲ့တဲ့ တတိယမြောက် ကစားသမားလည်း ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ငွေကြယ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

အကယ်၍ ကိုမောင်မောင်ဦးကိုယ်တိုင်က မိမိအား လှိုက်လှဲစွာကြိုဆိုခဲ့လေလျှင် ဖြေသာစရာရှိပါသေးသည်။ သူ၏သမီးအဖြစ် လက်ခံဆက်ဆံခဲ့လျှင် မျှော်လင့်ချက်ရှိပါသေးသည်။ သူ၏ လှိုက်လှဲမှုမရှိသော ကြိုဆိုပုံကြိုဆိုနည်းသည် မိမိကိုယ်ကို သံသယများစွာဝင်လာစေသည်ဟု နန်းကိန္နရီထင်သည်။

သည့်အကြားတွင် အဲလစ်၏ပြဿနာက တစ်မှောင့်။ အဲလစ်ဆိုသူနှင့်ပတ်သက်၍ မျိုးထွန်းသိန်းက အစဖော်ပေးခဲ့ပြီးနောက် နန်းကိန္နရီ၏ရင်မှာ မိမိကိုယ်ကို မရှင်း။ မိမိနှင့် ရုပ်ရည်သွင်ပြင် တူညီသော အခြားမိန်းကလေးတစ်ယောက်ရှိသည်ဆိုခြင်းမှာ မိမိကိုယ်မိမိ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ပျောက်ဆုံးနေလေသောသမီး အကယ်စင်စစ် ဖြစ်သည်ဆိုခြင်းကို မသေချာစေသလို ဖြစ်ခဲ့သည်။ မရေရာစေသလို ဖန်တီးခဲ့သည်။ ထိုစကားသည် သူ၏ဘဝကို ခြိမ်းခြောက်လာခဲ့သည်။

အစတွင် ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်တိုင်က နန်းကိန္နရီအား သူ၏သမီးအဖြစ် စိတ်နှလုံး တုံးတုံးချ၍ဆက်ဆံခဲ့ကြောင်း မြင်ရသည်။ အဲလစ်၏ ပြဿနာကို အစဖော်ပေးပြီးကတည်းက သူ၏စိတ်တွင် တစ်မျိုးတစ်မည် ဖြစ်ခဲ့ပုံရသည်ဟု ထင်သည်။ သံသယရှိနေပုံပေါ်လွင်လာသည်။ မျိုးထွန်းသိန်း ထံမှ အဲလစ်၏အကြောင်းကို တစ်စွန်းတစ်စဆိုသလို ကြားလိုလျက်ရှိကြောင်း တွေ့ရသည်။

သည့်အဖြစ်များကို ဒေါ်ရေနံ့သာခင်ခင်ကြီးက အဘယ်မျှဖုံးဖိလျက်ဆက်ဆံခဲ့သည်ဆိုစေ နန်းကိန္နရီ သိပါသည်။ အကဲခတ်မိပါသည်။ မိမိကိုယ်ကို အဲလစ်၏နေရာ ဆက်ခံထားရသူလေလား စဉ်းစားမိစပြုလာသည်။ မျိုးထွန်းသိန်း၏ အဲလစ်ဟူသည် လူ့လောက၌ တကယ်တမ်းရှိနေလေသလော။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အဲလစ်အား တွေ့မြင်ရလေလျှင် မည်သို့ရှိနေလေမည်လော မပြောတတ်။

အဲလစ်ဆိုသူသည် တကယ်တမ်း ဒေါ်ရေနံ့သာခင်ခင်ကြီး၏ သမီးဖြစ်နေခဲ့ပါလျှင် မိမိကိုယ်ကိုယ် မည်သူ့သမီးအဖြစ် သတ်မှတ်ရပါမည်နည်း။ ရေနံ့သာသို့ရောက်မလာမီကလိုပင် မိမိ၏အတိတ်ကာလသည် မှုန်ဝါးနေပေဦးတော့မည်။ ပစ္စုပ္ပန်သည်လည်း မရေမရာရှိရပေဦးမည်။ အနာဂတ်အတွက်ကိုမူ မစဉ်းစားဝံ့လောက်အောင်ပါပဲကလား။

ယင်းသို့သာဆိုပါက နန်းကိန္နရီသည် ဆက်လက်၍ မိမိကိုယ်မိမိ ပျောက်ဆုံးနေလေဦးတော့မည်ပင် ဖြစ်သည်။

သည့်အကြောင်းများကို ဆက်စပ်တွေးတောမိသောအခါ နန်းကိန္နရီ အကယ်ပင်ရင်မောသည်။ ဘဝတစ်လျှောက်လုံး၌ သည့်တစ်ကြိမ် ရင်အမောဆုံးဖြစ်မည်ပင် ထင်လာသည်။

ဝန်ခံရကြစတမ်းဆိုလျှင် နန်းကိန္နရီသည် လက်ရှိဘဝကိုတွယ်တာသည်။ မြတ်နိုးသည်။ ခုံမင်သည်။ စင်စစ် ပစ္စက္ခဘဝမှာ တွယ်တာခုံမင်စရာကောင်းသည်လည်း အမှန်ပင်။ အိပ်မက်ထဲမှာသော်မှ မမြင်မက်ဖူးသောဘဝမျိုးကို ရနေခဲ့သည်။ သည့်ဘဝမှ လျှောကျရမည့်အဖြစ်၊ သည့်ဘဝကို စွန့်လွှတ်ရမည့်အဖြစ်မျိုးကို နန်းကိန္နရီသာမဟုတ်၊ မည်သူမျှ လိုလားနိုင်လိမ့်မည်လည်း မထင်မိပါပေ။

"ကိုမျိုး"

နန်းကိန္နရီ ခေါ်စမ်းကြည့်သည်။

မျိုးထွန်းသိန်းက "ဟင်" ဟု ထူးသည်။

"ဒီကနေ့ည အရီတို့ သိပ်တိတ်ဆိတ်တာပဲ။ စကားပြောပါဦးလားဟင်"

"ဘာပြောရမှာလဲ အရီ"

"ဘာပဲဖြစ်ဖြစ်ပေါ့။ ပုံပြင်တစ်ပုဒ်ပဲဖြစ်ဖြစ်ပေါ့။ အရင်ညတွေကလို ကဗျာတွေပဲဖြစ်ဖြစ် ရွတ်ပြပါလား ကိုမျိုး"

"တိတ်ဆိတ်နေတာကို ကိုယ်လည်း မလိုလားပါဘူး အရီ။ ဒါပေမဲ့ ဘာကြောင့်မှန်း မသိဘူး။ ဒီကနေ့ည တိတ်တိတ်ဆိတ်ဆိတ် နေချင်မိတယ်"

"ကိုမျိုး တွေးနေသလားဟင်"

"တွေးတယ်လို့လည်း မဟုတ်ပါဘူး"

"တိတ်ဆိတ်နေတဲ့အချိန်မှာ အဲလစ်ဟာ ကိုမျိုးရဲ့ အတွေးထဲကို ရောက်မလာဘူးလား"

"ဒါကိုထားလိုက်စမ်းပါ အရီ"

"သူဘယ်မှာရှိတယ်ဆိုတာ ကိုမျိုး သိသလား"

"ကွဲကွာသွားကြတာ ကြာပြီပဲ။ တကူးတကနဲ့ မစုံစမ်းဘဲနေခဲ့တာ ကြာပြီပဲ"

"တကယ်လို့ စုံစမ်းရင် ရှာတွေ့မယ်ထင်သလားဟင်"

"ဘာဖြစ်လို့ ဒီစကားကို ပြောရတာလဲ အရီ"

"အရီ သူ့ကို တွေ့ချင်တယ်"

နန်းကိန္နရီ၏စကားကြောင့် မျိုးထွန်းသိန်း အံ့အားသင့်သွားပုံရသည်။

"အရီ သူ့ကို စိတ်ဝင်စားနေသလားဟင်"

"စိတ်ဝင်စားရုံတင်မကဘူး။ သူဟာ အရီ့ဘဝထဲမှာ အရေးအပါဆုံးလူတစ်ယောက်ပဲ ကိုမျိုး"

"အဲဒါကို မေ့ထားလိုက်ပါလား အရီ။ တကယ်တော့ တစ်ခါက အရီပြောသလို သူနဲ့ အရီဟာ မတော်တဆ ရုပ်ချင်းဆင်တာပဲ ဖြစ်ပါလိမ့်မယ်။ ဒီထက်ပိုပြီး အဓိပ္ပာယ်ရှိမှာ မဟုတ်ပါဘူး"

"အရီ့အတွက်တော့ ဒါကိုကအဓိပ္ပာယ်ရှိနေမှာပါ ကိုမျိုး"

"ကိုယ်တောင်းပန်ပါတယ် အရီ၊ ကိုယ့်ကိုခွင့်လွှတ်ပါ။ အဲလစ်အကြောင်းစမိတာ ကိုယ့်အမှားပါ"

"ကိုမျိုး မမှားပါဘူး"

မျိုးထွန်းသိန်း အစဉ်းစားရခက်သလို ရှိသွားသည်။ သက်ပြင်းရှိုက်သံကြားရသည်။ အတော်ချည်းကြာမှ သူသည် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် စကားဆိုသည်။

"ထားပါတော့လေ။ ဒါပေမဲ့ အဲလစ်နဲ့ပတ်သက်လို့ ကိုယ့်မှာ ခံယူချက်တစ်ခုရှိတယ် အရီ။ ကိုစောညိမ်းရဲ့ ပွင့်ဦးသီချင်း ကြားဖူးတယ်မဟုတ်လားဟင်"

"သေသေချာချာ ကြားဖူးတာပေါ့"

"ကိုစောညိမ်းဟာ အဲဒီသီချင်းကို အဓိပ္ပာယ်ရှိရှိနဲ့ ရေးခဲ့တာပါ။ ပထမဆုံးအချစ်ဦးဖြစ်တဲ့ မိန်းကလေးကို တယောတစ်လက်ပိုက်ပြီး တစ်ချိန်က မတွေ့တွေ့အောင်ရှာခဲ့တယ်။ ရှာစဉ်ကမတွေ့ခဲ့ဘူး။ နောက်တော့ ဒီမိန်းကလေးဟာ သူ့အလိုအလျောက် ရောက်လာတယ်။ ဒီအခါမှာ သူဟာ အဲဒီမိန်းကလေးကို ဘယ်လိုမှမချစ်နိုင်တော့တာတွေ့ရတယ်"ပွင့်ဦးကြွေမှဖြင့်ကွယ်။ မပန်စေချင်ရက်တော့တယ်" လို့ ဆိုခဲ့တယ်။ ကိုယ်နဲ့ အဲလစ်ဟာလည်း ဒီသဘောပါပဲ။ တကယ်လို့ ကိုယ်နဲ့သူ ထပ်တွေ့ခဲ့ရင် သူ့ ကိုကိုယ် ဘယ်လိုမှ ချစ်လို့ရတော့မယ်မထင်ဘူး အရီ"

နန်းကိန္နရီသည် အမှောင်ထဲမှာပင် မျိုးထွန်းသိန်းကို စူးစိုက်ကြည့်လာပြန်သည်။ စီးကရက်မီးရဲရဲကလေး၏ အလင်းရောင်ဖြင့် မြင်သာရသော မျက်နှာကိုပင် မမှိတ်မသုန် ငေးပြန်လေသည်။

"ပြောမိလက်စနဲ့ ပြောပါရစေတော့ အရီ။ အခုအချိန်မှာ ကိုယ် ဘယ်သူ့ကိုချစ်သလဲလို့မေးရင် ကိုယ်အမှန်ကန်ဆုံးနဲ့ အတိကျဆုံးအဖြေကို ပေးပါမယ်။ ကိုယ်လေ အရီ့ကို ချစ်တယ်"

မျိုးထွန်းသိန်းက ပိုမိုလေးနက်စေလိုသော သဘောဖြင့် စကားနောက်ဆုံးပိုဒ်ကို အသံမြှင့်ကာ ပြောလိုက်သည်။

နန်းကိန္နရီသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။ ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ အကြည့်ကိုလည်း မလွှဲပြောင်းဘဲ နေခဲ့သည်။

မျိုးထွန်းသိန်း စကားဆက်သည်။

"ဟုတ်တယ်၊ ကိုယ်ပြောတာကို အရီ ယုံချင်မှယုံပါ၊ ကိုယ့်အချစ်ကို လက်ခံချင်မှ လက်ခံပါ။ အဲလစ်နဲ့ ကိုယ်နဲ့ တွေ့ခဲ့ကြတဲ့အချိန်မှာ ကိုယ်တို့ သိပ်ငယ်ကြသေးတယ်။ အချစ်ဆိုတာကို ဟုတ်တိပတ်တိ ခံစားတတ်တဲ့အရွယ်မျိုး မဟုတ်ခဲ့ပါဘူး။ သူနဲ့ ကိုယ်ဟာ အနေနီးတယ်။ အထိအတွေ့များတယ်။ ဒီနည်းနဲ့ တစ်ယောက်ကိုတစ်ယောက် ချစ်တယ်လို့ ထင်ခဲ့ကြတယ်။ နီးနီးကပ်ကပ်နေကြတော့ အပေါင်းအသင်းတွေ၊ သူငယ်ချင်းတွေကလည်း စွပ်စွဲခဲ့ကြတယ်လေ။ သမီးရည်းစားအဖြစ် သတ်မှတ်ခဲ့ကြတယ်။ ဒီလိုနည်းနဲ့ ချစ်တယ်လို့ထင်ခဲ့ကြတယ်။ ဒါပေမဲ့ အသည်းနှလုံးက နှစ်နှစ်ကာကာ ချစ်တတ်လာတာမျိုးတော့ မဟုတ်ခဲ့ဘူးဆိုတာ အခု ကိုယ်သဘောပေါက်လာတယ်။ ဒါကြောင့်လည်း တစ်ယောက်နဲ့တစ်ယောက် ကွဲကွာခဲ့ကြတဲ့ကိစ္စမှာ ဘာမဟုတ်တဲ့အဖြစ်ကလေးကို ဟိမဝန္တာချဲ့ခဲ့မိကြတယ်။ အလိုလိုနေရင်း စိမ်းကားဖို့ စိတ်ကူးခဲ့ကြတယ်။ ဒီလိုနည်းနဲ့ သူနဲ့ ကွဲကွာခဲ့ကြတာပါပဲအရီ"

ယခုတိုင်အောင် နန်းကိန္နရီ တိတ်ဆိတ်ဆဲ၊ ငြိမ်သက်ဆဲရှိသေးသည်။ မျိုးထွန်းသိန်း၏စကားများကို စူးစိုက်နားထောင်နေသည်။

"ပွင့်ပွင့်လင်းလင်းဝန်ခံရရင် အဲလစ်နဲ့ကွဲကွာပြီးတဲ့နောက် မိန်းကလေးတွေအများကြီးနဲ့ တွေ့ခဲ့ပါတယ်။ ချစ်တယ်ဆိုတဲ့ ပဟေဠိကိုလည်း အခါခါ ဖွက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အရီရယ်၊ သူတို့ တစ်တွေအပေါ်မှာ လှိုက်လှဲမှု၊ လေးနက်မှု မရှိဘူး ဆိုတာ ကိုယ့်ကိုယ်ကိုယ်အသိပါ။ ကိုယ်ဟာ ချစ်လို့မရသေးဘူးဆိုတာ တစ်စထက်တစ်စ နားလည်လာတယ်။ ဒီလိုနဲ့ အချစ်ဆိုတာ ကိုယ့်ရင်မှာ ဆက်ပြီး ပဟေဠိပဲဖြစ်ခဲ့ရတယ်။ အရီ့အပေါ်မှာတော့ ဒီလိုမျိုး မဟုတ်ပါဘူးကွယ်။ ကိုယ်ဟာ အခါတိုင်းကလို ချစ်တယ်လို့ပြောရမှာကို ဝန်လေးသလိုရှိခဲ့ရတယ်။ နောက်တစ်ခုကလည်း အရီက ကိုယ့်ကို မချစ်ပါဘူး ဆိုရင်တောင်မှ ခွင့်လွှတ်ဖို့ အသင့်ရှိနေတာတွေ့ရတယ်။ စင်စစ်တော့ ဒါဟာ ကိုယ် အရီ့ကို နှစ်နှစ်ကာကာချစ်လို့ပဲလို့ နားလည်လာတယ်"

နန်းကိန္နရီ လှုပ်ရှားလာသည်။ အကြည့်ကို လွှဲပြောင်းလိုက်သည်။

သူက ပြောခဲ့ပါသည်။

"ကိုမျိုးဆီက တစ်နေ့မဟုတ်တစ်နေ့ ဒီစကားမျိုး ကြား ရလိမ့်မယ်လို့ မျှော်လင့်ထားတာမို့ ကိုမျိုးရဲ့ စကားကို အရီ မအံ့သြပါဘူး။ ထားပါ။ ဒါပေမဲ့ အရီ တစ်ခုမေးမယ် ကိုမျိုး မှန်မှန်ဖြေမလားဟင်"

"အရီ့ကို ကိုယ်တစ်ခါမှ မညာခဲ့သေးဘူးဆိုတာ ယုံပါအရီ"

"ဒီတစ်ခါလည်း မညာလိုက်ပါနဲ့လို့ အရီတောင်းပန်ပါတယ်ကိုမျိုး။ ကိုမျိုးရဲ့အချစ်ကို အရီ ယောဘုယျ လက်ခံခဲ့ပြီပဲထားပါ။ ဒါက အရီဟာ စောစောက ကိုမျိုးပြောခဲ့သလို လှလို့၊ ပညာတတ်လို့၊ ပစ္စည်းရှိလို့ ဆိုတဲ့အခြေအနေ၊ အနေအထားအရပြောတာ။ အကယ်လို့ အရီ့မှာ ကိုမျိုးထင်မှတ်တဲ့ အခြေအနေ၊ အနေအထားမျိုးမဟုတ်ခဲ့ဘူးဆိုရင်၊ အရီဟာ ရေနံ့သာလိုအိမ်မှာ နေတာမျိုးမဟုတ်ဘူး။ ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့သမီးမဟုတ်ဘူး၊ အခုလို ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်တဲ့အဆင့်မျိုးမဟုတ်ဘူးဆိုရင်ကော ကိုမျိုးအရီ့ကို ချစ်နိုင်ဦးမှာလား"

နန်းကိန္နရီ၏စကားကို မျိုးထွန်းသိန်း ရယ်ပစ်လိုက်သည်။ သူ၏ရယ်မောမှုကို နန်းကိန္နရီကိုယ်တိုင် သဘောမကျနိုင်သလို ဖြစ်သွားသည်။

"အရီ ရယ်စရာပြောတာမဟုတ်ဘူး ကိုမျိုး။ တကယ်"

"အရီ့ကို ချစ်တယ်ဆိုတာ စောစောကဟာတွေကြောင့်လို့ ထင်သလားဟင်"

မျိုးထွန်းသိန်းသည် ပြန်လည်တည်ကြည်သွားသည်။ သူ၏အသံမှာ နာကြည်းဟန်ပါသည်။

"အပိုကြွားတာတော့ မဟုတ်ဘူးအရီ။ ကိုယ်သာ အဲဒီဟာမျိုးတွေကို မက်မောခဲ့မယ်ဆိုရင် ဝမ်းစာရှာရင်း ကျောင်းတက်နေစရာတောင် မလိုခဲ့ပါဘူးကွယ်။ ယောက္ခမလုပ်စာနဲ့ နိုင်ငံခြားသွားပြီး ပညာသင်ခွင့်ရတာ ကြာလှပါပြီ။ ဒါတွေကို မမက်မောပါဘူး။ အရီ့ကိုချစ်တယ်ဆိုတဲ့နေရာမှာလည်း ဒါတွေ မပါပါဘူး။ တကယ်လို့ အရီဟာ လမ်းပေါ်က မိန်းကလေးတစ်ယောက်ဖြစ်နေရင်၊ ဒါမှမဟုတ် ဖြစ်လာခဲ့ရင်လည်း ကိုယ့်စိတ်ထားဟာ ပြောင်းလွဲမှာမဟုတ်ပါဘူး"

နန်းကိန္နရီ ဘာမှမပြောတော့။

**ဆက်လက်ဖော်ပြပါမည်။**

"ကိုယ်ပြောတာကို အရီ ယုံချင်မှယုံပါ ကိုယ့်အချစ်ကို လက်ခံချင်မှ လက်ခံပါ။ အဲလစ်နဲ့ကိုယ်နဲ့ တွေ့ခဲ့ကြတဲ့အချိန်မှာ ကိုယ်တို့ သိပ်ငယ်ကြသေးတယ်။ အချစ်ဆိုတာကို ဟုတ်တိပတ်တိ ခံစားတတ်တဲ့အရွယ်မျိုး မဟုတ်ခဲ့ပါဘူး။ သူနဲ့ကိုယ်ဟာ အနေနီးတယ်။ အထိအတွေ့များတယ်။ ဒီနည်းနဲ့ တစ်ယောက်ကိုတစ်ယောက် ချစ်တယ်လို့ ထင်ခဲ့ကြတယ်။ နီးနီးကပ်ကပ်နေကြတော့ အပေါင်းအသင်းတွေ၊ သူငယ်ချင်းတွေကလည်း စွပ်စွဲခဲ့ကြတယ်လေ။ သမီးရည်းစားအဖြစ် သတ်မှတ်ခဲ့ကြတယ်။ ဒါပေမဲ့ အသည်းနှလုံးက နှစ်နှစ်ကာကာ ချစ်တတ်လာတာမျိုးတော့ မဟုတ်ခဲ့ဘူးဆိုတာ အခု ကိုယ်သဘောပေါက်..."

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၅၄၇။ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့်အရာထမ်း/အမှုထမ်းများ (ကျောက်စာရုံစေတီ-၁ ဆူ လှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၅၄၈။ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (ကျောက်စာရုံစေတီ-၂ ဆူ လှူဒါန်း) | မန္တလေးမြို့ | ၅၅၈၀၀၀၀၀ |
| ၂၅၄၉။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ခင်ထွေးဦး မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ လှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၅၅၀။ | ဗိုလ်မှူးကြီးတင်မောင်ညွန့်(ငြိမ်း) နှင့်ဇနီး ဒေါ်ခင်ညွန့်ဝေ မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ပဉ္စမအကြိမ်လှူဒါန်း) | နေပြည်တော် | ၇၉၀၀၀၀၀ |
| ၂၅၅၁။ | စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၃၈) မိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၂၀၀၀၀၀၀၀ |
| ၂၅၅၂။ | စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄၆)ကျောင်းဆင်းအရာရှိများ (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၄၆၀၀၀၀၀ |
| ၂၅၅၃။ | ဒေါ်ရည်ရည်ညွန့် (ညီမ)ဒေါ်စန်းစန်းအေး (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်-၁ ခု လှူဒါန်း) | မြင်းခြံမြို့ | ၇၀၀၀၀၀ |
| ၂၅၅၄။ | ဒေါ်ချယ်ရီလွင်၏မွေးနေ့အလှူ | မြင်းခြံမြို့ | ၁၀၀၀၀၀ |
| ၂၅၅၅။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်မြင့် အားရည်စူး၍ ဦးကျော်တင်+(ဒေါ်မြင့်)မိသားစု ကောင်းမှု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၅၅၆။ | ဗိုလ်ကြီးစောအောင်(ငြိမ်း) နှင့်ဇနီး ဒေါ်တင်မြင့်မြင့် မိသားစု | မန္တလေးမြို့ | ၅၀၀၀၀၀ |
| ၂၅၅၇။ | မောင်ကောင်းပြည့်စုံကျော်၏ မွေးနေ့အလှူ | နေပြည်တော် | ၅၀၀၀၀ |
| ၂၅၅၈။ | ဦးသော်သော်+ဒေါ်အေးဇာမွန် (သမီး)မထက်မှုးနိုင်၊ မပြည့်မှုးနိုင်(မ. တ. ယ-၁) | နေပြည်တော် | ၁၀၀၀၀ |
| ၂၅၅၉။ | ဒေါ်ဆွေဆွေသန့် | တပ်ကုန်းမြို့ | ၄၀၀၀၀ |
| ၂၅၆၀။ | ဦးစန်းလွင်+ဒေါ်ချော မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၅၆၁။ | ကွယ်လွန်သူ ဗိုလ်ကြီးတင်မြင့်(ငြိမ်း) နှင့်ဇနီး ဒေါ်မြဆွေတို့အားရည်စူး၍ သမီးဖြစ်သူ ဆရာလေး ဒေါ်ဥဇ္ဇကာရီ(ခ)ဒေါ်အေးအေးချိုနှင့်မောင်နှမတစ်စုကောင်းမှု | မန္တလေးမြို့ | ၅၁၀၀၀၀ |
| ၂၅၆၂။ | အရာခံဗိုလ်မျိုးသန့်(ငြိမ်း) နှင့်ဇနီး ဒေါ်မြင့်စန်းရီ မိသားစု | မိတ္ထီလာမြို့ | ၇၀၀၀၀၀ |
| ၂၅၆၃။ | ကွယ်လွန်သူမိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ပြုံး၊ ဒေါ်ချိုချိုသိန်း၊ ဦးဝင်းနိုင်၊ ဒေါ်အေးအေးသက်၊ ဦးစစ်နိုင် မောင်နှမတစ်စုကောင်းမှု | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၅၆၄။ | ကွယ်လွန်သူဖခင်ကြီး ဦးအောင်ကြီး နှင့်မိခင်ကြီး ဒေါ်မြဆင့်အားရည်စူး၍ သမီးဒေါ်သန်းသန်းဆွေကောင်းမှု (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်-၁ ခု၊ စကျင်ကျောက်ပြား-၂ ကျင်းလှူဒါန်း) | ရန်ကုန်မြို့ | ၁၆၄၀၀၀၀ |
| ၂၅၆၅။ | မြန်မာရှူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်နှင့် မိတ်ဖက်ကိုယ်စားလှယ်ကုမ္ပဏီများ) (လမ်းမီးတိုင်-၈ တိုင် လှူဒါန်း) | ရန်ကုန်မြို့ | ၈၀၀၀၀၀ |
| ၂၅၆၆။ | ဗိုလ်မှူးကြီးကျော်ထူး(ငြိမ်း) နှင့်ဇနီး ဒေါ်စန်းစန်းနု(မွေးနေ့အလှူ)မိသားစု (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်-၁ ခု လှူဒါန်း) | နေပြည်တော် | ၇၀၀၀၀၀ |
| ၂၅၆၇။ | ဦးမောင်မောင်လွင် | ပြင်ဦးလွင်မြို့ | ၅၀၀၀၀၀ |
| ၂၅၆၈။ | ဦးစိန်ထွန်း+ဒေါ်ဝင်းရီမိသားစု | မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၅၆၉။ | ကွယ်လွန်သူမိဘနှစ်ပါး မောင်နှမများနှင့်သားကြီး၊ ဘထွေး၊ အဘိုးအဘွားများအားရည်စူး၍ (သား)ဦးညွန့်ဝင်းကောင်းမှု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၅၇၀။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်ညွန့် အားရည်စူး၍ ကျန်ရစ်သူ(သမီးကြီး)ဒေါ်မြင့်မြင့်ညွန့် မိသားစုကောင်းမှု | နေပြည်တော် | ၁၅၀၀၀၀၀ |
| ၂၅၇၁။ | ဦးစန်းလွင်+(ဒေါ်အုန်းကြိုင်)မိသားစု | ပြင်ဦးလွင်မြို့ | ၁၅၀၀၀ |
| ၂၅၇၂။ | ကိုဝင်းဆွေ | မိုင်းဖြတ်မြို့ | ၁၀၀၀၀ |
| ၂၅၇၃။ | ဗိုလ်မှူးကျော်အောင်(ငြိမ်း)+ ဒေါ်နန်းခမ်းနွန်းမိသားစု (စကျင်ကျောက်ပြား-၁ ကျင်း လှူဒါန်း) | ပျဉ်းမနားမြို့ | ၄၇၀၀၀၀ |
| ၂၅၇၄။ | ကိုအောင်သူ+မမြင့်မြင့်ဇင် (သား)မောင်ကောင်းစည်သူ (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်-၁ ခု လှူဒါန်း) | နေပြည်တော် | ၇၀၀၀၀၀ |
| ၂၅၇၅။ | ဒေါ်လှဌေးကြွယ်(သမီး)မနှင်းဦးဝေ မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၅၇၆။ | ဦးမင်းနွယ်+ဒေါ်ခင်စန်းမြင့် မိသားစု | နေပြည်တော် | ၃၀၀၀၀၀ |
| ၂၅၇၇။ | ဒေါ်ဝင်းစိန် | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၅၇၈။ | ဒေါ်လှရီ | တွံတေးမြို့ | ၁၀၀၀၀၀ |
| ၂၅၇၉။ | ဦးမွှေးမွှေး+ဒေါ်အေးအေးမြင့်မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၂၅၈၀။ | ဦးတင်အောင်+ဒေါ်ခင်စန်းနွဲ့ (လမ်းမီးတိုင်-၁ တိုင် လှူဒါန်း) | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## သူနာပြုဘွဲ့လွန်သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြု မဟာသိပ္ပံသင်တန်းများနှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သူနာပြု မဟာသိပ္ပံသင်တန်းများ( Master of Nursing Science )**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြု မဟာသိပ္ပံ (လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Adult Health Nursing) | ၂ နှစ် |
| (ခ) | သူနာပြု မဟာသိပ္ပံ (မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Maternal Health Nursing) | ၂ နှစ် |
| ( ဂ ) | သူနာပြု မဟာသိပ္ပံ (ကလေးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Child Health Nursing) | ၂ နှစ် |
| (ဃ) | သူနာပြု မဟာသိပ္ပံ (စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Mental Health Nursing) | ၂ နှစ် |
| ( င ) | သူနာပြု မဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Community Health Nursing) | ၂ နှစ် |
| (စ) | သူနာပြု မဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ)<br>Master of Nursing Science (Nursing Administration & Management) | ၂ နှစ် |
| (ဆ) | သူနာပြု မဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ)<br>Master of Nursing Science (Critical Care Nursing) | ၂ နှစ် |
| (ဇ) | သူနာပြု မဟာသိပ္ပံ (အထွေထွေ)<br>Master of Nursing Science (General) | ၂ နှစ် |

**ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ<br>(Diploma in Emergency Nursing) | ၁၅လ |

**လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်/ပေါင်းကူး) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

( ဂ ) သူနာပြု မဟာသိပ္ပံသင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၁)နှစ်ရှိသူ (သို့မဟုတ်) သူနာပြု သိပ္ပံဘွဲ့ (ပုံမှန်) ရရှိပြီးနောက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ လျှောက်လွှာပိတ်သည့်နေ့အထိ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်းအတွက် သူနာပြုသိပ္ပံဘွဲ့ ရရှိပြီးနောက် လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည့်အပြင် လွန်ခဲ့သည့် (၂)နှစ်အတွင်း ဆေးလက်တွေ့ အတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

( င ) သူနာပြု မဟာသိပ္ပံသင်တန်းနှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ သင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅)နှစ် မကျော်လွန်သူ ဖြစ်ရမည်။

( စ ) သူနာပြု မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ်နှင့် အရေးပေါ် သူနာပြုစုမှုပညာဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ ( ၁၉ – ၈ – ၂၀၂၂ ) ရက် (သောကြာနေ့ ) ဖြစ်ပါသည်။

၄။ ဝင်ခွင့်လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားခြင်းမရှိသည့်ဝင်ခွင့်လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသောလျှောက်လွှာများအား သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ ဆက်လက်ပေးပို့ရန်မလိုပါ။ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိသော လျှောက်လွှာများအား လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်လျှောက်လွှာ မိတ္တူတစ်စုံကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၆။ သူနာပြု မဟာသိပ္ပံသင်တန်းများနှင့်အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်မှာ ( ၃၀– ၉ – ၂၀၂၂ ) ရက် (သောကြာနေ့) နံနက်ပိုင်း ဖြစ်ပါသည်။

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကိုထည့်သွင်း စစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀၀/(ကျပ်တစ်ထောင်တိတိ ) ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD–၀၁၁၈၉၀ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ် MD–၀၁၁၈၉၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက် ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးကိုပေးလျော်ရမည်။

၁၁။ ဘွဲ့လွန်ဘာသာရပ် တစ်ခုချင်းအလိုက်၊ တက္ကသိုလ်အလိုက်၊ တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေ သတ်မှတ်ချက်ကို တက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် ဦးရေအဖြစ် တက္ကသိုလ် Website များမှ ကြေညာထားပါမည်။ အများဆုံး လက်ခံသင်ကြားပေးနိုင်မည့်ဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ် ပြည့်မီခြင်းမရှိက ရွေးချယ်ခြင်း ပြုမည်မဟုတ်ပါ။

၁၂။ ဝင်ခွင့်လျှောက်လွှာ ခေါ်ယူသည့် ကြေညာချက် အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို သူနာပြု တက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ် ဖုန်းနံပါတ် ၊ ၀၁–၂၂၂၈၈၃ ၊ ၀၁– ၂၂၂၈၈၄ ၊ ၀၁–၂၂၂၈၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ( သို့မဟုတ် ) သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ Website (www.uonygn.gov. mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ပါရဂူဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်–

**ပါရဂူသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) | (၃)နှစ် |

**ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ<br>(ဓာတ်ခွဲနည်းပညာ) | (၂)နှစ် |
| (ခ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ<br>(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) | (၂)နှစ် |
| (ဂ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ<br>(ခန္ဓာသန်စွမ်းမှုနည်းပညာ) | (၂)နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့သင်တန်းအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၂)နှစ်ရှိသူနိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(ဂ) မဟာသိပ္ပံသင်တန်းအတွက် သက်ဆိုင်ရာဆေးဘက်ဆိုင်ရာနည်းပညာ ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဃ) မဟာသိပ္ပံသင်တန်းအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ လျှောက်လွှာပိတ်သည့်နေ့အထိ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၁)နှစ် ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) ပါရဂူဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(စ) မဟာသိပ္ပံသင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) ပါရဂူဘွဲ့ရရှိပြီးပါက အနည်းဆုံး (၅)နှစ်နှင့်မဟာသိပ္ပံဘွဲ့ရရှိပြီးပါက အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ ဘွဲ့လွန်ဘာသာရပ်တစ်ခုချင်းအလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် ဦးရေအား ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် Websiteမှ ကြေညာမည်ဖြစ်ပါသည်။ အများဆုံးလက်ခံ သင်ကြားပေးနိုင်မည့် ဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ်ပြည့်မီခြင်းမရှိက ရွေးချယ်ခြင်းပြုမည်မဟုတ်ပါ။

